# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (25-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၈)



ဒို့တာဝန်အရေးသုံးပါး

❖ ပြည်ထောင်စုမပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


## ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထရက် ယှဉ်ပြိုင်နေမှုများကို ဒုတိယသမ္မတ ဦးညိုစော တက်ရောက်ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဦးညိုစော ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၏ တီးခတ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။







**နေပြည်တော် အောက်တိုဘာ ၂၄**

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထရက် ယှဉ်ပြိုင်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစောသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပလျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ကဗျာလွတ် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၏ လှပ သေသပ်လှသည့် မြန်မာ့ရိုးရာကကွက်၊ ဟန်ပန်အမူအရာများကို ပိုင်နိုင်သွက် လက်တက်ကြွစွာဖြင့် ကပြယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသားပြတိုက် (နေပြည်တော်)၌ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ

**စာမျက်နှာ ၁၇ ကော်လံ ၁**



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊

**စာမျက်နှာ ၂၀ ကော်လံ ၄**

## အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့ တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ပိုမိုအားကောင်းလာကာ

**စာမျက်နှာ ၂၀ ကော်လံ ၄**





## ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပသည်။

အဆိုပါဈေးရောင်းပွဲတော်ကို ယနေ့မှ အောက်တိုဘာ ၂၇ ရက်ထိ နေ့စဉ်နံနက်ပိုင်းမှ

**စာမျက်နှာ ၂၀ ကော်လံ ၁**

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်

အယ်ဒီတာ့အာဘော်

# အမျိုးသားပညာရေးအနာဂတ်နှင့် မျိုးဆက်သစ် ဆရာ၊ ဆရာမများ၏ တာဝန်ကျေပွန်မှု

နိုင်ငံတစ်နိုင်ငံ တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအသက်သွေးကြောမှာ ပညာရည်ပြည့်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေးပင်ဖြစ်သည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးအတွက်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံအုတ်မြစ်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည့်ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ပေးခဲ့ကာ ၁၉၉၁ ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့ရာ ယနေ့အချိန်အထိ သင်တန်းဆင်း ဆရာ၊ ဆရာမ စုစုပေါင်း ၁၄၆၉၈ ဦးကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများ၏ ပညာရေးအသုံးစရိတ်များပါ ထည့်သွင်းတွက်ချက်ပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်းထိ ခွင့်ပြုပေးထားပြီး ရှေ့ဆက်၍လည်း ဘဏ္ဍာနှစ်အလိုက် ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်သွားရန် ရည်မှန်းထားရှိသည်။

ထို့ပြင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်နိုင်ရေး၊ အလယ်တန်းပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်များတွင် ဆက်လက်သင်ယူနိုင်ရေးအပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေသည့် လူငယ်များအတွက်ပါ ကျောင်းပြင်ပပညာရေးအစီအစဉ်များဖြင့် စနစ်တကျ ဖော်ဆောင်ပေးလျက်ရှိသည်။ ဆရာ၊ ဆရာမများ၏ အရည်အသွေးသည် အဆင့်အတန်းမြင့်သည့်ပညာရေးကို တည်ဆောက်ရာတွင် အဓိကကျလှပေသည်။

စာသင်ပေးရုံမျှမက တပည့်များ၏ စိတ်ဓာတ်၊ အကျင့်စာရိတ္တနှင့် ဘဝရည်မှန်းချက်များကို ပုံဖော်ပေးရသည့် "အိုးထိန်းသည်များ" ဖြစ်ကြသည်နှင့်အညီ သင်ကြားရေးတွင် အလွတ်ကျက်မှတ်သည့် နည်းလမ်းတစ်ခုတည်းကိုအားမကိုးဘဲ တပည့်များ၏စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းများ တိုးတက်လာအောင် စဉ်ဆက်မပြတ် လေ့ကျင့်ပေးကြရမည်ဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသည့်အတိုင်း မိမိတို့၏ အပြောအဆို၊ အပြုအမူနှင့် ကိုယ်ကျင့်တရားများကို အမြဲဆင်ခြင်ကာ စံပြပုဂ္ဂိုလ်များအဖြစ် စေတနာ၊ ရိုးသားမှုတို့ဖြင့် မျှမျှတတ ပြုစုပျိုးထောင်ပေးရန် လိုအပ်ပေသည်။ ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၊ ဘာသာစကားများနှင့် ယဉ်ကျေးမှုများ မတူကွဲပြားစွာတည်ရှိသည့် နိုင်ငံဖြစ်သည်နှင့်အညီ အပြန်အလှန်လေးစားယုံကြည်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်ကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံလူဦးရေ၏ ၁၆ ရာခိုင်နှုန်းကျော်ရှိရာ တာဝန်ကျရာဒေသအသီးသီးရှိ ရွက်ပုန်းသီးလူငယ်များကို ဖော်ထုတ်ပေးပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလ ဟူသည့် ဗလငါးတန်ပြည့်စုံသော လူတော်လူကောင်းများဖြစ်လာအောင် လမ်းညွှန်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ တာဝန်ကျရာဒေသအသီးသီးတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် မိမိတို့၏သင်ကြားရေးစွမ်းရည်၊ စေတနာ၊ ဝါသနာ၊ အနစ်နာခံမှုတို့ဖြင့် တိုင်းရင်းသား ပြည်သူများအကြား စည်းလုံးညီညွတ်မှုကိုခိုင်မာစေပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို သစ္စာရှိရှိ ကျေပွန်စွာထမ်းဆောင်သွားကြပါရန် အလေးအနက်ထား တိုက်တွန်းရေးသားလိုက်ရပေသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၂၈၆၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၂၈၆၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ကုလားပဲ ဧက၂၈၆၃၀ စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ကုလားပဲ ဧက ၂၈၆၃၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရေဘဝဲပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရေဘဝဲပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရေဘဝဲပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ရေဘဝဲပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ စက်တင်ဘာလအတွင်း ရေဘဝဲပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်ကရေဘဝဲတွေ ဝယ်ယူတာ များနေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချသည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၃၄၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၃၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် အောင်သာ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်သာ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အောင်သာ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၅၈ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို ရန်ပုံငွေကျပ် ၆၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# အမရပူရမြို့နယ် ညောင်ပင်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁ သိန်း ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်စောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၅ ဦးကို ငွေကျပ် ၂၅ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၉ ဒသမ ၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်းအသင်းသားအသင်းသူ ၂၂၄ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ မောင်ဉာဏ်ဖြိုးဇင် မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့တာဆွမ်းနှင့် အရဏ်ဆွမ်းအတွက် အလှူငွေကျပ် ၉၂၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏နာယက ဒေါက်တာဦးမိတ်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးသွားပါမယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲကို အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေး သွားပါမယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ကုလားပဲ စိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပိုးမွှားရောဂါ ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ဆည်တောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘွတ်ကုန်းကျေးရွာအုပ်စု ဆည်တောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆည်တောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆည်တောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၃၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၅ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၅ ဒသမ ၃ သန်း စုစုပေါင်းအသင်းသားအသင်းသူ ၁၀၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလောက်ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလောက် ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလောက် ပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးသလောက်ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ဒေသရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ စက်တင်ဘာလအတွင်း ငါးသလောက်ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေကလဲ လတ်ဆတ်မှုနဲ့အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ငါးသလောက်တွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသတွေကိုလဲ ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ တင်ပို့ရောင်းချသည့် ငါးသလောက်အသေး တစ်ပိသာလျှင် ငွေကျပ် ၂၁၅၀၀၊ အလတ်တစ်ပိသာလျှင် ငွေကျပ် ၂၅၅၀၀ မှ ၃၅၀၀၀၊ အကြီးတစ်ပိသာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးသလောက်များ အရောင်းအဝယ်ကောင်းနေသောကြောင့် ငါးမွေးမြူသူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စီးပွားရေးလုပ်ငန်းငယ်များ ကြုံလာနိုင်သောအခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ရေး

ကမ္ဘာကြီးတွင် နေ့နှင့်ညရှိပြီး ကမ္ဘာ၏ တစ်ခြမ်းစီသည် အလင်းတစ်လှည့်၊ အမှောင်တစ်လှည့် ရှိနေတတ်ကြသည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း ကောင်းမွန်သော အပိုင်းများ၊ ဖွံ့ဖြိုးတိုးတက်စေသော အခြေအနေများရှိသကဲ့သို့ မကောင်းမွန်သော လုပ်ငန်းများ၊ လုပ်ငန်းတစ်ခုအတွက် အဆင်မပြေစေသော ကိစ္စများလည်းရှိသည်။ အဆင်မပြေစေသော ကိစ္စများကို အမှောင်ခြမ်းဟုဆိုနိုင်ပြီး တိုးတက်စေသော ကောင်းစေသော အပိုင်းများကို အလင်းခြမ်း အလင်းရောင်ရှိသော အပိုင်းဟုခေါ်နိုင်သည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းငယ်များ ကောင်းမွန်တိုးတက်မှုများကို ရေရှည်ရရှိစေရန်အတွက် စီးပွားရေးလုပ်ငန်းများသည် အမှောင်ခြမ်းများကို ရှောင်ရှားပြီး အလင်းခြမ်းဘက်တွင် အမြဲရှိနေရန်လိုအပ်သည်။

အမှောင်ခြမ်းများကို ရှောင်ရှားရန် သို့မဟုတ် အမှောင်ကျရောက်ချိန်တွင် မိမိလုပ်ငန်းကို တည်တံ့ခိုင်မြဲစေရန်အတွက် မည်သို့ဆောင်ရွက်သင့်သည်များကို သိထားမှသာ လုပ်ငန်းရှင်သန်ရပ်တည်ရေးအတွက် အဆင်ပြေအောင်မြင်မည်ဖြစ်သည်။ လုပ်ငန်းငယ်များသည် များသောအားဖြင့် ပိုင်ရှင်တစ်ဦးတည်းရှိတတ်သဖြင့် လွတ်လပ်စွာလှုပ်ရှားနိုင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ခြင်း၊ ဖန်တီးနိုင်ခြင်းတို့ကြောင့် အောင်မြင်မှုများလည်း ရရှိနိုင်ကြသည်။ သို့သော်လည်း ပိုင်ရှင်တစ်ဦးတည်းဖြစ်၍ ရေရှည်အောင်မြင်မှုရရှိရန်အတွက် ခက်ခဲတတ်သည်။ လုပ်ငန်းငယ်များသည် စိန်ခေါ်မှုနှင့် စွန့်စားမှုများ များပြားတတ်သဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် အားနည်းတတ်သဖြင့်လည်းကောင်း၊ ရေရှည်တည်တံ့ရန် ရုန်းကန်နေရတတ်သည်။ တစ်နည်းအားဖြင့် အမှောင်ခြမ်းဘက်ကျရောက်လျှင် ရှင်သန်ရန်နှင့် အလင်းရောင်ရရှိရန် ကြိုးစားရသည့် သစ်ပင်ငယ်များနှင့် တူညီတတ်သည်။

မည်သည့်လုပ်ငန်းကိုမဆို အောင်မြင်အောင် လုပ်ကိုင်ကြရာတွင် ပထမဆုံးအနေဖြင့် မိမိနှင့် မိမိလုပ်ငန်းတွင်ရှိသော ပတ်ဝန်းကျင်အားနည်းချက်များကို ဦးစွာရှာဖွေရသည်။ ကျန်းမာရေးကောင်းစေရန်အတွက် ရောဂါကို ဦးစွာရှာဖွေရပြီး ရောဂါသိသည့်အခါမှ မှန်ကန်စွာကုသလျှင် ရောဂါပျောက်ကင်းနိုင်သည်။ ထို့အတူပင် လုပ်ငန်းတစ်ခု၏ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို အမှောင်ခြမ်းအဖြစ် ဖော်ထုတ်ပြီး ထိုအချက်များကို ရောဂါကုသသကဲ့သို့ မိမိလုပ်ငန်းအတွက် အကောင်းဆုံးနည်းလမ်းများ ရှာဖွေ၍ ကုသခြင်းဖြင့် ရောဂါကင်း၍ အလင်းဘက်ခြမ်းကိုရောက်ရှိပြီး ရေရှည်တည်တံ့အောင်မြင်နိုင်မည်ဖြစ်သည်။ အမှောင်ခြမ်း Dark Side များကို ခွဲခြားလေ့လာကြည့်ရာ လုပ်ငန်းရှင်၏ စိတ်ပိုင်းဆိုင်ရာအခြေအနေ၊ ဘဏ္ဍာရေးနှင့် အတိမ်းအစောင်းမခံသည့်အခြေအနေ၊ အဖွဲ့အစည်းအတွင်းအခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်အခက်အခဲ၊ ပတ်ဝန်းကျင်အခြေအနေနှင့် စည်းမျဉ်းစည်းကမ်းများကို တွေ့ရှိရမည်ဖြစ်သည်။

**❖ လုပ်ငန်းငယ်များကြုံတွေ့နေရသည့် အခက်အခဲများ၊ အကျပ်အတည်းများသည် ပတ်ဝန်းကျင်အခြေအနေကြောင့်သာ မဟုတ်ဘဲ၊ လုပ်ငန်းရှင်၏စိတ်ပိုင်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကြောင့်လည်းဖြစ်တတ်သည်။ လုပ်ငန်းရှင်များသည် အရာရာကို ချုပ်ကိုင်ထားလိုစိတ်များပြားခြင်း၊ အရာရာတွင် လိုက်ပါဆုံးဖြတ်ခြင်း၊ အခြားသူများလုပ်ကိုင်သည်ကို မယုံကြည်နိုင်ခြင်း၊ သံသယလွန်ကဲတတ်ခြင်း၊ အတ္တကြီးမားခြင်း၊ ချီးမွမ်းခံလိုစိတ်များခြင်း၊ အခြားသူများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာလိုမှုမရှိခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ အခြေအနေများကြောင့်လည်း လုပ်ငန်းတွင် အကျပ်အတည်းများကြုံရတတ်သည်။ ထိုအခြေအနေများကို ရှောင်ရှားနိုင်မှသာ လုပ်ငန်းငယ်များအတွက် ရေရှည်ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သည်။ ❖**

**လုပ်ငန်းရှင်၏စိတ်ပိုင်းဆိုင်ရာအခြေအနေ**

လုပ်ငန်းငယ်များသည် တည်ထောင်သူတစ်နည်းအားဖြင့် လုပ်ငန်းရှင်သည့် တစ်ဦးတည်း သို့မဟုတ် မိသားစုပိုင်ဖြစ်တတ်သည်။ ထိုအခါ လုပ်ငန်းရှင်သည် ကိုယ်တိုင်ရင်းနှီးမြှုပ်နှံရခြင်း၊ ငွေအား၊ လူအားနှင့် စဉ်းစားတွေးခေါ်ရခြင်း၊ ရှေ့လုပ်ငန်းစဉ်များစဉ်းစားရခြင်း စသည့်အကြောင်းအမျိုးမျိုးကို တစ်ဦးတည်း တစ်ပြိုင်နက် ဆောင်ရွက်နေရတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းနှင့်ပတ်သက်၍ အောင်မြင်လိုစိတ်နှင့် လောဘစိတ်၏ တွန်းအားကြောင့် မကောင်းသော စိတ်ပိုင်းဆိုင်ရာ ခံစားချက်များလည်း ပေါ်ထွက်လာတတ်သည်။ လုပ်ငန်းရှင်များသည် အရာရာကို ချုပ်ကိုင်လိုစိတ် သို့မဟုတ် ငါမပါလျှင် မပြီးဟူသော ခံစားချက်မျိုး ဖြစ်ပေါ်တတ်သည်။ အခြားသူများ၊ အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများအောက်တွင် မနေချင်ဘဲ လွတ်လပ်စွာ လုပ်ကိုင်လိုစိတ် ကြီးမားကြသည်။ ထို့ကြောင့် ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ထူထောင်ပြီး လုပ်ကိုင်လာသည့်အခါတွင် အဆုံးအဖြတ်ပေးသူသည် ကိုယ်တိုင်ဖြစ်လာသည်။ ထိုသို့ဆုံးဖြတ်သူ Decision Maker ဖြစ်လာသည့်အခါ အရာရာတွင် မိမိမပါလျှင် မပြီးဖြစ်လာပြီး လုပ်ငန်းတာဝန်များအားလုံးကို ချုပ်ကိုင်ထားသကဲ့သို့ ဖြစ်လာသည်။ အခြေအနေအရ ဆုံးဖြတ်ချက်ချပေးရသူဖြစ်သဖြင့် လုပ်ငန်းကိစ္စအဝဝသည် လုပ်ငန်းရှင်ထံသို့ ဦးတည်လာသည်။ မန်နေဂျာနှင့် ဝန်ထမ်းများ၊ လုပ်သားများထိ လုပ်ငန်းရှင်၏ အဆုံးအဖြတ်ကိုသာ စောင့်၍ လုပ်ကိုင်ကြသည်။ လုပ်ပိုင်ခွင့်မရှိသဖြင့် မည်သည့်ကိစ္စမဆို လုပ်ငန်းရှင်အဆုံးအဖြတ်ကိုသာ စောင့်၍ လုပ်ကိုင်ကြသဖြင့် လုပ်ငန်းကြီးထွားမှုကို ပိတ်ဆို့ထားသကဲ့သို့ဖြစ်လာသည်။

ထိုသို့ အရာရာတွင် ဝင်ပါတတ်ပြီး အရာရာကို ချုပ်ကိုင်ချင်စိတ်အပြင် လုပ်ငန်းရှင်များသည် သံသယလွန်ကဲခြင်းနှင့် ယုံကြည်မှုမပေးနိုင်ခြင်းတို့လည်း ဖြစ်လာတတ်သည်။ မည်သည့်လုပ်ငန်းမဆို All Respect, All Suspect. ဆိုသော်လည်း ယုံကြည်မှုကို အတိုင်းအတာတစ်ခုထိ ပေးနိုင်မှသာလျှင် လုပ်ငန်း တိုးတက်မည်ဖြစ်သည်။ မည်သည့်အရာကိုမဆို မယုံကြည်ဘဲသံသယစိတ်ဖြင့် ကြည့်ရှုလုပ်ကိုင်တတ်သည့်အခါတွင် စိုးရိမ်စိတ်အမြဲဖြစ်ပေါ်နေပြီး တိုးတက်မှုသည်နှေးကွေးသွားတတ်သည်။ စီးပွားရေးလုပ်ငန်းများသည် စွန့်စားမှုအထိုက်အလျောက်ရှိနေမည်ဖြစ်သော်လည်း အဆိုပါစွန့်စားရမှုကို စီမံခန့်ခွဲရေးနည်းလမ်း Risk Management လုပ်နိုင်မှသာလျှင် လုပ်ငန်းတိုးတက်မှုကောင်းမည်ဖြစ်သည်။ ထို့ကြောင့် အရာရာကို သံသယစိတ်ဖြင့် ကြည့်သည့်တိုင်အောင် စွန့်စားမှုများရှိမည်ကို လက်ခံ၍ မည်သို့စီမံခန့်ခွဲမှုများဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်မည်ကို ကြိုတင်ပြင်ဆင်ထားရမည်။ အကြောင်းအမျိုးမျိုးဖြင့် ဆုံးရှုံးနိုင်ခြေများကို ထည့်သွင်းတွက်ချက်ထားရမည်ဖြစ်သည်။ လုပ်ငန်းအတွင်း သံသယလွန်ကဲပြီး လုပ်ဖော်ကိုင်ဖက်များ၊ အခြားဆက်စပ်လုပ်ငန်းများ၊ ကုန်ကြမ်းပေးသွင်းသူများ၊ ကုန်ချောရောင်းချပေးသူများ၊ ဝန်ထမ်းနှင့်လုပ်သားများကို ယုံကြည်မှု အထိုက်အလျောက်မပေးနိုင်ပါက လုပ်ငန်းတွင် ပွင့်လင်းမြင်သာမှု Transparency မရှိဘဲ အပြန်အလှန်သံသယများဖြင့်ကြည့်၍ လုပ်ငန်းလုပ်နေရခြင်းမျိုး ဖြစ်ပေါ်လာမည်။

လုပ်ငန်းရှင်များအတွက် အခြားစိတ်ခံစားချက်တစ်ခုမှာ အတ္တနှင့်ချီးမွမ်းခံလိုစိတ်ဖြစ်သည်။ လူတိုင်းတွင် အတ္တရှိသဖြင့် မိမိ၊ မိမိလုပ်ငန်း၊ မိမိအလုပ် စသည်ဖြင့် အတ္တများရှိကြသည်။ ထို့ကြောင့် ပြိုင်လျှင်နိုင်လိုသည်၊ ပြိုင်တိုင်းနိုင်လိုသည်ဆိုသော စိတ်သည် အစဉ်ရှိတတ်သည်။ ရှိပြီးသား အတ္တကို လုံးဝပယ်ရန် မဖြစ်နိုင်သော်လည်း လူသားဆန်မှု၊ ကိုယ်ချင်းစာတရားတို့ရှိမှုနှင့်ယှဉ်ပြီး သတိနှင့် ဆင်ခြင်တုံတရားကို လက်ကိုင်ထားဆောင်ရွက်ရန် လိုအပ်သည်။ လောဘ၏စေရာကို လိုက်မိလျှင် အရှည်မတည်တံ့နိုင်သည့်အပြင် နာမည်ပျက်ကိန်းနှင့်လည်းကြုံရနိုင်သည်။ ထို့ပြင် ပြိုင်လျှင်နိုင်လိုစိတ်ကို မထိန်းသိမ်းနိုင်လျှင်လည်း မပြိုင်နိုင်သည့် အင်အားကြီးသူများနှင့် ပြိုင်မိပါက စီးပွားပျက်သွားနိုင်သည်ကိုလည်း သတိပြုရန်လိုအပ်သည်။ ထို့ကြောင့် အတ္တနှင့် ပြိုင်လျှင်နိုင်လိုသည့် ချီးမွမ်းခံလိုစိတ်ကိုလည်း သတိပြုရမည်ဖြစ်သည်။

**ဘဏ္ဍာရေးနှင့်အတိမ်းအစောင်းမခံသည့်အခြေအနေ**

မိမိလုပ်ငန်းသည် လုပ်ငန်းအငယ်စား၊ အသေးစားသာဖြစ်သည်ကို အစဉ်သတိပြုနေရန်လိုအပ်သည်။ လုပ်ငန်းငယ်များသည် အရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ရန်အတွက် အလွန်အားထုတ်ကြိုးပမ်းကြရသည်။ လုပ်ငန်းငယ်အများစုပျက်စီးရသည့်အကြောင်းများမှတစ်ခုမှာ အမြတ်မရခြင်းမဟုတ်ဘဲ ငွေကြေးစီးဆင်းမှု ပြတ်တောက်ခြင်းကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။ လုပ်ငန်း၏ ကုန်ကြွေးများမရရှိခြင်း၊ ကုန်ကြမ်းဖိုး အချိန်မီ မပေးချေနိုင်ခြင်း၊ ကုန်ကြမ်းဈေးတက်သည့်အခါ အရင်းကြီးလာခြင်း၊ အမြတ်အစွန်းကို သေချာမတွက်ချက်ဘဲပိုင်ရှင်အနေဖြင့် လည်ပတ်ငွေအတွင်းမှ လူမှုရေးစရိတ်များ ရယူသုံးစွဲခြင်း စသည့်ကိစ္စများမှ ငွေကြေးလည်ပတ်မှု လျော့ကျပြီး လုပ်ငန်းတွင်အထစ်အငေါ့များဖြစ်လာကာ လုပ်ငန်းပျက်စီးသွားနိုင်သည်။ လုပ်ငန်းတွင်းရင်းနှီးမြှုပ်နှံထားသည့် ငွေကြေးအရင်းအနှီးမှာ များစွာနည်းပါးသဖြင့် အထိအရှမခံသည်ကို သတိပြုရမည်ဖြစ်သည်။ လုပ်ငန်းကြီးများကဲ့သို့ ကုန်ကြမ်းကို ဈေးသက်သာအောင် အများအပြားစုဆောင်းဝယ်ယူနိုင်ခြင်းမရှိသဖြင့် ကုန်ကြမ်းအပေါ် ကုန်ကျစရိတ်မြင့်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်အပိုင်းတွင် မြင့်နေတတ်သည်။ ထိုအခါ အရင်းဈေးမြင့်ပြီး ပြိုင်ဆိုင်နိုင်မှုမရှိသည်မျိုးလည်း ဖြစ်လာတတ်သည်။ ထို့ပြင် အသေးအဖွဲ့ဖြစ်သော်လည်း လုပ်ငန်းပိုင်ရှင်ကိုယ်တိုင် ပါဝင်လုပ်ကိုင်ရသဖြင့် ကျန်းမာရေးကိစ္စကြောင့် ခေတ္တရပ်နားရသည့်အခါမျိုးတွင်လည်း လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် ခက်ခဲတတ်သည်။ ငွေကြေးအရင်းအနှီးအတွက် ချေးငှားရမည့် နေရာလည်းနည်းပါးပြီး ဘဏ်ကြီးများတွင် ပိုင်ဆိုင်မှုပေါင်နှံချေးငှားရန်လည်း ခက်ခဲတတ်သည်။

**အဖွဲ့အစည်းအတွင်းအခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်အခက်အခဲ**

လုပ်ငန်းငယ်များသည် မိသားစုဆန်ဆန် လုပ်ကိုင်ကြသည့်ပုံစံမျိုးများပြားတတ်သည်။ အချို့လုပ်ငန်းများမှာ မိသားစုအစဉ်အဆက် လုပ်ကိုင်လာသောလုပ်ငန်းမျိုးဖြစ်တတ်သည်။ သို့ဖြစ်၍ လုပ်ငန်းအတွင်းတွင် သီးသန့်စည်းမျဉ်းစည်းကမ်းမျိုးမရှိဘဲ လုပ်ငန်းခွင်နှင့် မိသားစုကိစ္စများရောထွေးနေတတ်သည်။ အလုပ်ချိန် အတိအကျမရှိခြင်း၊ မှန်မှန်ကန်ကန် အလုပ်နှင့် မိသားစုအရေးခွဲခြားသုံးသပ်နိုင်မှုနည်းပါးခြင်း၊ လုပ်ငန်းခွင်စည်းကမ်း သီးသန့်မရှိခြင်း၊ လုပ်ငန်းဆိုင်ရာ ငွေကြေးစာရင်းဇယားမရှိခြင်း စသည့် အချက်များအားနည်းတတ်သည်။ ထို့ပြင် လုပ်ငန်းအများစုကို ကိုယ်တိုင်လုပ်ကိုင်ခြင်းနှင့် လုပ်ငန်းများကို ခွဲခြားတာဝန်သတ်မှတ်မှုမျိုး အားနည်းခြင်း၊ လုပ်ပိုင်ခွင့်ကို လွှဲအပ်နိုင်မှုမရှိတတ်ခြင်း အခြားကျွမ်းကျင်သူများဝင်လာရန် မလွယ်ခြင်းနှင့် ကျွမ်းကျင်သူများအတွက် သုံးစွဲနိုင်မှုနည်းပါးသဖြင့် အမှန်တကယ်ကျွမ်းကျင်သူများ ရရှိရန်မလွယ်ကူခြင်း စသည့်အချက်များကြောင့် လုပ်ငန်းအတွင်း စည်းမျဉ်းစည်းကမ်းထားရှိရန် ခက်ခဲတတ်ခြင်းနှင့် ဝန်ထမ်း ထိန်းသိမ်းရခက်ခဲတတ်သည်။

**ပတ်ဝန်းကျင်အခြေအနေနှင့်စည်းမျဉ်းစည်းကမ်းများ**

ပြင်ပပတ်ဝန်းကျင်အခြေအနေများ၊ လုပ်ငန်းခွင်နှင့်ပတ်သက်သော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အခွန်အခများသည် အခြားလုပ်ငန်းများနည်းတူ တစ်ပြေးညီဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ လုပ်ငန်းငယ်များအတွက် အခွန်အခ အခွင့်ထူးများ ရှိတတ်သော်လည်း အခြားသော လုပ်ငန်းငယ်များသည်လည်း အလားတူ အခွင့်အရေးများရရှိကြသည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ပြင် အခွန်အခများနှင့် စရိတ်စကများသည် လုပ်ငန်းငယ်များအတွက် မည်မျှပင်နည်းသည်ဖြစ်စေ ကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုစရိတ်များပေါ် သက်ရောက်မှုများဖြစ်ပေါ်သဖြင့် မိမိလုပ်ငန်းအတွက် အကျိုးအမြတ်နည်းပါးစေမှုနှင့် ဝင်ငွေနည်းပါးမှုများဖြစ်တတ်သည်။ လုပ်ငန်းကြီးများ၏ လွှမ်းမိုးမှုရှိနေသည်ဖြစ်၍ လုပ်ငန်းကြီးများ၏ ခိုင်းစေရာကို လိုက်ပါလုပ်ကိုင်ရမှုမျိုးဖြစ်လာတတ်သည်။ အကျိုးအမြတ်များ၊ ရောင်းဈေးများတွင်လည်း အကန့်အသတ်များဖြစ်လာတတ်သည်။ ဥပမာအားဖြင့် ကုန်ကြမ်းသို့မဟုတ် ရောင်းကုန်ကို လုပ်ငန်းကြီးများ၊ လက်ကားဆိုင်များမှ အကြွေးယူရခြင်းမျိုးတွင် လုပ်ငန်းကြီးများက ချမှတ်သည့် စည်းကမ်းများ၊ ပြောင်းလဲမှုများကို မငြင်းဆန်နိုင်ဘဲ လိုက်ပါလုပ်ကိုင်ပေးရခြင်းမျိုးကို ကြုံနေရမည်ဖြစ်သည်။

**အမှောင်ခြမ်းများကို ကျော်လွှားနိုင်မည့် နည်းလမ်းများ**

ငွေကြေးလည်ပတ်မှု အခက်အခဲမျိုးကို စတင်စဉ်ကပင် လုပ်ငန်းလည်ပတ်ရန် ခြောက်လသို့မဟုတ် တစ်နှစ်စာခန့်ထိ ချန်ထားနိုင်ရန် ကြိုးစားရမည်။ ထိုသို့ ချန်လှပ်ထားမှသာ ကုန်ဖိုးပိုမိုလာခြင်း၊ အကြွေး

**စာမျက်နှာ ၅ သို့ á**

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၂၃၈၀ စိုက်ပျိုးမည်



ယခင်နှစ်က တိုင်ထောင်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၂၃၈၀ စိုက်ပျိုးရန် လျာထားကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၂၃၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ စားဖိုဆောင်သီးနှံ ဧက ၂၃၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပန်းဂေါ်ဖီ၊ နံနံပင်၊ ပန်းမုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးသွားမဲ့ သီးနှံတွေအားလုံး ပိုးမွှား အန္တရာယ်ကင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက် ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့် ထံမှ သိရသည်။ **ကျော်ကျော်လင်း**

á စာမျက်နှာ ၄ မှအဆက်

ကျခြင်းတို့ကြောင့်ဖြစ်လာမည့် ငွေကြေးလည်ပတ်မှု တုံ့ဆိုင်းခြင်းကို ကျော်လွှားနိုင်မည်ဖြစ်သည်။ ကုန်ကြွေးစနစ်ကို အထူးသတိထား လုပ်ကိုင်ရန်လိုအပ်သည်။ မိမိမှယူသည်ဖြစ်စေ၊ ပေးသည်ဖြစ်စေ မသေချာသည်များကို မလုပ်ရန်အထူးသတိပြုရမည်။ လုပ်ငန်းရှင်အပေါ် အစစမှီထားခြင်းမျိုးမှ လုပ်ငန်းခွင်စနစ်တစ်ခုရေးဆွဲပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲခြားသတ်မှတ်ထားရန်လိုအပ်သည်။ လုပ်ငန်းနှင့် ကိုယ်ပိုင်ဘဝကိုလည်း စည်းခြားထားရန်လိုအပ်သည်။ လုပ်ငန်းခွင်မှ လည်ပတ်နေသည့် ငွေကြေးများကို ကိုယ်ပိုင်ဘဝအတွက် လိုအပ်ချက်များအတွက် လွယ်လွယ်မသုံးမိရန် လိုအပ်သည်။ လုပ်ငန်းခွင်အခက်အခဲများကို တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် လုပ်ကိုင်နေရတတ်သဖြင့် အကြံပေးနိုင်သည့်မိတ်ဆွေကောင်းများ၊ လုပ်ငန်းတူမိတ်ဆွေရင်းများ ရှိစေရန်၊ အဆက်အသွယ်မပြတ်စေရန်လည်း သတိထားရမည်။ မိတ်ဆွေကောင်းများရှိခြင်းသည် လုပ်ငန်းအတွက် အဆက်အသွယ်နှင့် တိုးတက်ရေးအတွက်လိုအပ်သည်။ ဝန်ထမ်းများကို ယုံကြည်မှုမပေးဘဲ အစစအရာရာသောကိစ္စမျိုးကို ချုပ်ကိုင်ထားခြင်းအစား သင်ယူခွင့်ပေးရန်နှင့် တာဝန်လွှဲခြင်းများ လုပ်ကိုင်ပေးရမည်ဖြစ်သည်။

လုပ်ငန်းငယ်များကြုံတွေ့နေရသည့် အခက်အခဲများ၊ အကျပ်အတည်းများသည် ပတ်ဝန်းကျင်အခြေအနေကြောင့်သာ မဟုတ်ဘဲ လုပ်ငန်းရှင်၏စိတ်ပိုင်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကြောင့်လည်း ဖြစ်တတ်သည်။ လုပ်ငန်းရှင်များသည် အရာရာကို ချုပ်ကိုင်ထားလိုစိတ်များပြားခြင်း၊ အရာရာတွင် လိုက်ပါဆုံးဖြတ်ခြင်း၊ အခြားသူများလုပ်ကိုင်သည်ကို မယုံကြည်နိုင်ခြင်း၊ သံသယလွန်ကဲတတ်ခြင်း၊ အတ္တကြီးမားခြင်း၊ ချီးမွမ်းခံလိုစိတ်များခြင်း၊ အခြားသူများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာလိုမှုမရှိခြင်း စသည့် စိတ်ပိုင်းဆိုင်ရာ အခြေအနေများကြောင့်လည်း လုပ်ငန်းတွင် အကျပ်အတည်းများ ကြုံရတတ်သည်။ ထိုအခြေအနေများကို ရှောင်ရှားနိုင်မှသာ လုပ်ငန်းငယ်များအတွက် ရေရှည်ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သည်။ တိုးတက်အောင်မြင်ရန်အတွက် အထက်တွင်ဖော်ပြထားသော လုပ်ငန်း၏ အမှောင်ခြမ်း Dark Side ကိုကျော်၍ အလင်းဘက်ခြမ်းကို ရောက်ရှိပြီး ပွင့်လန်းအောင်မြင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

**– Manfred F.R. Kets de Vries's The Dark Side of Entrepre–neurship**

**မျိုးသူ(ကုန်သွယ်မြှင့်)**

# ငါးမည်ကြာပန်းကြိုင်လှျမ်းပွင့်ကြ သီတင်းကျွတ်လ

– သီတင်းကျွတ်ခါ သည်ချိန်မှာ
သာယာဝင်းပ ရွှန်းမြမြ
လကိုတူယှဉ် နက္ခတ်လျှင်
ဖြူစင်လှသည် အသဝနီ
ကြည်တယ်လေ့ ကြည်တယ်လေ့။

– တူရာသီထွတ် သီတင်းကျွတ်
မိုးမလွတ်သေး ပလ္လင်ဆေး
ဝါသွေးဖြူနီ မီးပုံးစီ
စုံညီကြာပန်း ငါးမျိုးလန်း
ဆန်းတယ်လေ့ ဆန်းတယ်လေ့။

– မိနတ်ရှိရာ တာဝတိံသာ
ဟောကာတရား နတ်အများ
စိတ်ထားကြည်လင် လွန်ပျော်ရွှင်
ဗုဒ္ဓသူမြတ်ပြန်ကြွအပ်
မြတ်တယ်လေ့ မြတ်တယ်လေ့။

– ဂီတသံသာ စောင်းခတ်ကာ
နတ်ပြဟ္မာများ ထီးမိုးထား
ပတ္တမြားစောင်းတန်း လွန်ထူးဆန်း
သက်လှမ်းဗုဒ္ဓါ ကြွချီလာ
သာတယ်လေ့ သာတယ်လေ့။

– မြင်းမိုရ်မီးပွဲ တို့ဆင်နွှဲ
ပျော်ပွဲဆင်ရာ သည်ချိန်ခါ
စိတ်မှာရွှင်လန်းမမောတမ်း
တင့်လန်းဝေဆာ ကြိုရတာ
သာယာပျံ့ပျူး စိတ်ကြည်နူး
ထူးတယ်လေ့ ထူးတယ်လေ့။ ။

ဘိုမျိုး(ရွှေဘို)

တိုဗစ် –၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အီရန်ကို စစ်ရေးအရတိုက်ခိုက်မှု ထပ်မံလုပ်ဆောင်နိုင်ကြောင်း အမေရိကန်သမ္မတပြောကြား

**နယူးယောက် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံ အနေဖြင့် အီရန်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်မှု ထပ်မံလုပ်ဆောင်နိုင်သည်ဟု သမ္မတဒေါ်နယ်ထရမ့်က အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဖလော်ရီဒါပြည်နယ် ဖို့မိုင်းယားစ်မြို့၌ ကျင်းပခဲ့သော ရီပတ်ဘလီကန်ပါတီ မဲဆွယ်စည်းရုံးပွဲ၌ သမ္မတဒေါ်နယ်ထရမ့်က ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်နိုင်ငံ အနေဖြင့် အီရန်နိုင်ငံကို အက်ပစ်ဖျူရီစစ်ဆင်ရေး ထပ်မံလုပ်ဆောင်ဖွယ်ရှိကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီး အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အက်ပစ်ဖျူရီ စစ်ဆင်ရေးသည် အီရန် စစ်ရေးပဋိပက္ခအတွက် အမေရိကန် တပ်မတော်က အသုံးပြုသည့် အမည်ဖြစ်သည်။

သို့ရာတွင် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် အမေရိကန်ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲမတိုင်မီ အီရန်ကို စစ်ရေးအရ တိုက်ခိုက်မည်မဟုတ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ယခုလအစောပိုင်းတွင် ပြောကြားထားသည်။

အမေရိကန်နှင့် အစ္စရေးတို့က ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်ကို တိုက်ခိုက်ခဲ့ပြီးနောက် စတင်ဖြစ်ပွားခဲ့သော အီရန်စစ်ရေးပဋိပက္ခသည် ယခုအခါ ရှစ်လတာနီးပါးကြာမြင့်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားဒီဇယ်ဆီများ သယ်ဆောင်ထားသည့်သင်္ဘော အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ဦးတည်နေ



**နယူးယောက် အောက်တိုဘာ ၂၄**

ရုရှားအစိုးရနှင့် အမေရိကန် သမ္မတဒေါ်နယ်ထရမ့်တို့ ရယူထားသော သဘောတူညီချက်အရ ရုရှားနိုင်ငံက အမေရိကန်နိုင်ငံသို့ စေလွှတ်ခဲ့သော ပထမဆုံး ဒီဇယ်ဆီတင် သင်္ဘောသည် နယူးယောက်မြို့သို့ ဦးတည်ခုတ်မောင်းနေသည်ဟု သင်္ဘောခရီးစဉ် ခြေရာခံစောင့်ကြည့်ရေး သတင်း ဝက်ဘ်ဆိုက်များက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားဒီဇယ်ဆီများကို အမေရိကန်ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရေးဆိုင်ရာ သဘောတူညီချက် တစ်ရပ်ကို ရုရှားအစိုးရနှင့် ရယူထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုလအတွင်း ကြေညာထားသည်။

နိုဝင်ဘာ ၃ ရက်တွင် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများ မတိုင်မီ ပြည်တွင်းလောင်စာဆီဈေးနှုန်းကို လျှော့ချရေးအတွက် ရုရှားဒီဇယ်ဆီများ အမေရိကန်ဈေးကွက်သို့ ပို့ဆောင်ရေး သဘောတူညီချက်ကို အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က ရယူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အဆိုပါ သဘောတူညီချက် ရယူခဲ့ပြီးနောက် ရုရှားနိုင်ငံအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှု စည်းမျဉ်းအချို့ကိုလည်း ယာယီ ရုပ်သိမ်းပေးခဲ့သည်။

အမေရိကန်ဈေးကွက် အတွက် ပထမဆုံး ရုရှားဒီဇယ်ဆီများ တင်ဆောင်ထားသော သင်္ဘောမှာ မော်လ်တာနိုင်ငံမှတ်ပုံတင် အဂီယိုအီဖာနန်ဒက်စ် အမည်ရှိ သင်္ဘောဖြစ်ပြီး ဒီဇယ်ဆီ မက်ထရစ်တန် ၄၀၀၀၀ သယ်ဆောင် ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပြင်သစ်၏ နျူကလီးယား စစ်ရေးလေ့ကျင့်မှု၌ ဗြိတိန်တိုက်လေယာဉ်များ ပထမဆုံးအကြိမ်ပါဝင်



**ပဲရစ် အောက်တိုဘာ ၂၄**

ပြင်သစ် တပ်မတော်၏ နျူကလီးယား စစ်ရေးလေ့ကျင့်မှုတွင် ဗြိတိန်လေတပ်မှ တိုက်လေယာဉ်များလည်း ပထမဆုံး အကြိမ်အဖြစ် ပါဝင်ခဲ့သည်ဟု ပြင်သစ်တပ်မတော်က အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဥရောပတိုက်ရင်ဆိုင်နေရသည့် ခြိမ်းခြောက်မှုများနှင့် မဟာမိတ် အမေရိကန်နိုင်ငံ၏ မှန်းဆရခက်ခဲမှုတို့ကို တုံ့ပြန်ရေးအတွက် နှစ်နိုင်ငံနျူကလီးယား တပ်များကြားပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဗြိတိန်နှင့် ပြင်သစ်တို့က ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း သဘောတူထားသည်။

ပြင်သစ်တပ်မတော်သည် ၎င်း၏ နျူကလီးယားတပ်မတော် လေ့ကျင့်မှုကို အောက်တိုဘာ ၂၀ ရက် ညနေပိုင်းတွင် မြေထဲပင်လယ်ဒေသ၌ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ရမ်မီအမည်ရှိ နျူကလီးယား စစ်ရေးလေ့ကျင့်မှုတွင် ပြင်သစ်လေတပ်မှရာဖေးလ် တိုက်လေယာဉ်များနှင့်အတူ ဗြိတိန်လေတပ်မှ တိုင်ဖွန်းတိုက်လေယာဉ်များက ပထမဆုံး ပူးတွဲပါဝင်ခဲ့ပြီး ပုံစံတူ နျူကလီးယားတိုက်ခိုက်မှုကို လေ့ကျင့်ခဲ့ကြသည်ဟု ပြင်သစ်အစိုးရ လက်နက်ကိုင် တပ်များဆိုင်ရာဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# အိုလက်ရှ်ကီမြို့၌ အပစ်အခတ်ရပ်စဲရန် ရုရှားနှင့် ယူကရိန်းတို့ သဘောတူထား

**မော်စကို အောက်တိုဘာ ၂၄**

ရုရှားတပ်များ ထိန်းချုပ်ထားသော ယူကရိန်းမြို့တစ်မြို့ဖြစ်သည့် အိုလက်ရှ်ကီမြို့၌ အပစ်အခတ်ရပ်စဲရန် သဘောတူထားသည်ဟု ရုရှားနှင့် ယူကရိန်းတို့က အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန် သမ္မတဇနီး မယ်လာနီးယားထရမ့်၏ ကြားဝင်ညှိနှိုင်းမှုအရ အိုလက်ရှ်ကီမြို့၌ အပစ်အခတ် ရပ်စဲထားရန် ရုရှားနှင့် ယူကရိန်းတို့က သဘောတူခဲ့ကြခြင်းဖြစ်သည်။

အိုလက်ရှ်ကီမြို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အောက်တိုဘာ ၂၇ ရက်တွင် စတင်အာဏာသက်ဝင်မည် ဖြစ်ကြောင်း ရုရှားနှင့် ယူကရိန်းတို့၏ ကြေညာချက်များ၌ ဖော်ပြထားသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စင်္ကြံလမ်းကြောင်းများမှ တစ်ဆင့် အကူအညီများ ပေးခွင့်ရမည်ဖြစ်ပြီး ဒေသခံများကိုလည်း ခေါ်ထုတ်ပေးနိုင်မည်ဖြစ်သည်။

ယူကရိန်းသမ္မတ ဇီလန်စကီး၏ အဆိုအရ လာမည့်လအတွင်း ရုရှားနှင့် ယူကရိန်း ငြိမ်းချမ်းရေး ကိုယ်စားလှယ်များ အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပရန် စီစဉ်ထားကြောင်းသိရသည်။

ယခုနှစ် နိုဝင်ဘာလ ပထမလဝက်အတွင်း ယူကရိန်း၊ ရုရှား၊ အမေရိကန်နိုင်ငံတို့မှ ကိုယ်စားလှယ်များအနေဖြင့် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ တွေ့ဆုံဆွေးနွေးမည်ဟု ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# ကင်ညာ၌ အထပ်မြင့်အဆောက်အအုံ ပြိုကျ လူပေါင်းများစွာ ပိတ်မိနေဖွယ်ရှိ

**နိုင်ရိုဘီ အောက်တိုဘာ ၂၄**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ အောက်တိုဘာ ၂၃ ရက်က အထပ်မြင့်အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လူအများအပြား ပိတ်မိနေဖွယ်ရှိကြောင်း ကင်ညာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အဆောက်အအုံမှာ အထပ်ပေါင်း တစ်ဒါဇင်ကျော် ပါဝင်သည့် ဆောက်လုပ်ဆဲ အထပ်မြင့် အဆောက်အအုံတစ်လုံးဖြစ်ပြီး နိုင်ရိုဘီမြို့၏ အိစ်တလက်ချ် နယ်မြေ၌ တည်ရှိသည်။



အဆောက်အအုံ ပြိုကျခဲ့ပြီးနောက် ကွန်ကရစ်အစုအပုံကြီး တစ်ခုသာ ကျန်ရှိခဲ့ရာ ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရေးအတွက် အခက်အခဲကြီးမားကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် အဆောက်အအုံ ပြိုကျခဲ့ပြီးနောက် ထိုအဆောက်အအုံအနီးရှိ ဈေးဆိုင်များကို နယ်ခံများဝင်ရောက် လုယက်လျက်ရှိရာ ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခဲ့ရသည်။

လက်ရှိတွင် အထပ်မြင့် အဆောက်အအုံ ပြိုကျရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဟု ကင်ညာတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဘလူးအော်ရီဂျင်ကုမ္ပဏီက ယခုနှစ်ကုန်ပိုင်းတွင် New Glenn ဒုံးပျံများကို တစ်ပတ်လျှင် တစ်ကြိမ်မက လွှတ်တင်နိုင်ရန် ရည်ရွယ်ထား



**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ယခုနှစ်ကုန်ပိုင်းတွင် New Glenn ဒုံးပျံများကို တစ်ပတ်လျှင် တစ်ကြိမ်မက လွှတ်တင်နိုင်ရန် ရည်ရွယ်ထားကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံများအတွက် ဖလော်ရီဒါပြည်နယ်၌ ဒုံးပစ်စင်များ ထပ်မံတည်ဆောက်ရန်လည်း စီစဉ်ထားသည်။

လက်ရှိအချိန်တွင် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံလွှတ်တင်မှုများကို ယခုနှစ်အတွင်း ယာယီအားဖြင့် ရပ်ဆိုင်းထားရဆဲဖြစ်သည်။

ယခုနှစ် မေလအတွင်းဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်း ပစ်စင်အမှတ် (၃၆) ၌ New Glenn ဒုံးပျံ ဒုံးအင်ဂျင်များကို စမ်းသပ်စဉ် ဒုံးပေါက်ကွဲပျက်စီးခဲ့ရပြီးနောက် New Glenn မစ်ရှင်များ လွှတ်တင်မှုကို ဘလူးအော်ရီဂျင်ကုမ္ပဏီက ရပ်နားထားခြင်းဖြစ်သည်။

သို့ရာတွင် ၂၀၂၇ ခုနှစ် အစောပိုင်းတွင် New Glenn ဒုံးပျံကို ပြန်လည်လွှတ်တင်နိုင်ရန် ဘလူးအော်ရီဂျင်ကုမ္ပဏီက မျှော်လင့်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ဂြိုဟ်တုလွှတ်တင်ရေးဈေးကွက်၌ စပေ့စ်အိတ်ကုမ္ပဏီကို ပြိုင်ဆိုင်နိုင်ရန် New Glenn ဒုံးပျံများအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်နေခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

# ဆီးကျိတ်ကင်ဆာနှင့်ဆက်စပ်နေသော ပရိုတင်းများကို သုတေသနပညာရှင်များ တွေ့ရှိ

**လန်ဒန် အောက်တိုဘာ ၂၄**

ဆီးကျိတ်ကင်ဆာရောဂါနှင့် ဆက်စပ်နေသော ပရိုတင်းများကို သုတေသနပညာရှင်များက တွေ့ရှိထားကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာရောဂါ ဖြစ်နိုင်ခြေ အမြင့်မားဆုံးအမျိုးသားများကို ဖော်ထုတ်ပေးနိုင်မည့် နည်းလမ်းကို တွေ့ရှိထားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာရောဂါနှင့် ဆက်စပ်နေသည့် သွေးလည်ပတ်မှုစနစ်အတွင်းရှိ ပရိုတင်း ၁၂ မျိုးကို ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ ပရိုတင်းများအနက် ခုနစ်မျိုးမှာ အပြင်းထန်ဆုံး ဆီးကျိတ်ကင်ဆာ ရောဂါပုံစံများနှင့် ဆက်စပ်နေကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

အဆိုပါ ပရိုတင်းများကို သွေးစစ်ဆေးနည်းဖြင့် ဖော်ထုတ်တိုင်းတာနိုင်ခဲ့ပါက ဆီးကျိတ်ကင်ဆာရောဂါကို ရောဂါလက္ခဏာ မပေါ်မီ ၁၀ နှစ်ကျော်စော၍ ဖော်ထုတ်နိုင်ဖွယ် ရှိသည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် သွေးလည်ပတ်မှုစနစ်အတွင်းရှိ ပရိုတင်း ၆၀၀၀ ကျော်ကို ၁၆ နှစ်ကြာ လေ့လာစိစစ်ခဲ့ပြီးနောက် ဆီးကျိတ်ကင်ဆာနှင့် ဆက်စပ်နေသော ပရိုတင်း ၁၂ မျိုးကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ဥရောပအာကာသအေဂျင်စီ၏ ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်က C/2026 S1 ပထမဆုံးကြယ်တံခွန်ကို ရှာဖွေတွေ့ရှိခဲ့

**ဟယ်လ်ဆင်ကီး အောက်တိုဘာ ၂၄**

ဥရောပအာကာသအေဂျင်စီ၏ ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သည် C/2026 S1 ပထမဆုံးကြယ်တံခွန်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အောက်တိုဘာ ၂၃ရက် သတင်းများအရသိရသည်။

ယူကလစ် အာကာသရေဒီယိုတယ်လီစကုပ်သည် C/2026 S1 ဟူ၍ အမည်ပေးထားသော အဆိုပါ ကြယ်တံခွန်ကို စက်တင်ဘာ ၁၆ ရက်နှင့် ၂၄ ရက်ကြားကာလအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

C/2026 S1 ကြယ်တံခွန်ကို ယူကလစ် အာကာသရေဒီယိုတယ်လီစကုပ်က ရိုက်ကူးခဲ့သော ဓာတ်ပုံများကို ကွန်ပျူတာဆော့ဝဲတစ်မျိုးအသုံးပြု၍ လေ့လာဆန်းစစ်ခဲ့ပြီးနောက် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ယူကလစ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိခဲ့သော C/2026 S1 ကို ကြယ်တံခွန်တစ်စင်းအဖြစ် မြေပြင်အခြေစိုက် အာကာသရေဒီယိုတယ်လီစကုပ်များကလည်း အတည်ပြုထားကြောင်း သိရသည်။




လက်ရှိတွင် C/2026 S1 ကြယ်တံခွန်သည် ကမ္ဘာဂြိုဟ်နှင့် ကီလိုမီတာ ၁ ဒသမ ၃ ဘီလီယံ (မိုင်ပေါင်း သန်း ၈၁၀)အကွာတွင် တည်ရှိနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယူကလစ် အာကာသရေဒီယိုတယ်လီစကုပ်သည် နေနှင့်အထိုက်အလျောက် ဝေးကွာသည့် ကြယ်တံခွန်များကို ရှာဖွေနိုင်စွမ်းသည့် ဥရောပ အာကာသအေဂျင်စီ၏ ကြယ်တံခွန် ကြားဖြတ်လေ့လာရေးမစ်ရှင်များကို အထောက်အကူပြုနိုင်ဖွယ်ရှိသည်ဟု ဖင်လန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# သစ်စေ့သစ်ဆန် ဂရမ် ၃၀ နေ့စဉ်စားသုံးခြင်းဖြင့် သွေးဖိအားမြင့်တက်လာနိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် အောက်တိုဘာ ၂၄**

သစ်စေ့သစ်ဆန်များကို နေ့စဉ် ဂရမ် ၃၀ စားသုံးခြင်းဖြင့် သွေးဖိအား ပုံမှန်ထက်မြင့်တက်လာနိုင်ခြေကို လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ အောက်တိုဘာ ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ဗြိတိန်နှင့် နော်ဝေသုတေသနပညာရှင်များသည် သစ်စေ့သစ်ဆန်စားသုံးမှု၏ အကျိုးသက်ရောက်မှုကို ဖော်ထုတ်ရေးအတွက် လူပေါင်း ၁၅၀၀၀၀ ပါဝင်ခဲ့သော လေ့လာချက် ရှစ်ခုတို့မှ ရရှိလာသည့် အချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ တစ်ရက်လျှင် သစ်စေ့သစ်ဆန် ဂရမ် ၃၀ ကို ပုံမှန်စားသုံးသူများ၌ သွေးဖိအားမြင့်တက်လာနိုင်ခြေမှာ ပုံမှန်ထက် ၂၆ ရာခိုင်နှုန်း ပိုနည်းပါးသည်ကိုတွေ့ရကြောင်းသုတေသနပညာရှင်များက ပြောကြားသည်။

သစ်စေ့သစ်ဆန်များ ပုံမှန်စားသုံးမှု သွေးဖိအားမြင့်တက်လာနိုင်ခြေကျဆင်းမှုတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးပေ။

သို့ရာတွင် အစာခြေလမ်းကြောင်း စနစ်အတွင်း ဘက်တီးရီးယားများသည် သစ်စေ့သစ်ဆန်များတွင် ပါဝင်သည့် အမျှင်ဓာတ်ကို သွေးဖိအားကျဆင်းမှုနှင့် ဆက်စပ်နေသော ပရိုတင်းများအဖြစ် ဖြိုခွဲပေးနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# အက်စထရိုလက်ဘ်ကုမ္ပဏီ၏ FLIP လမျက်နှာပြင်လေ့လာရေးယာဉ်က စူပါကွန်ပျူတာတစ်လုံးကို လပေါ်သို့သယ်ယူသွားမည်

**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် အက်စထရိုလက်ဘ် ကုမ္ပဏီ၏ FLIP အမည်ရှိ လမျက်နှာပြင် လေ့လာရေးယာဉ်သည် စူပါကွန်ပျူတာတစ်လုံးကို လပေါ်သို့ သယ်ယူသွားမည် ဖြစ်ကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အက်စထရိုလက်ဘ် ကုမ္ပဏီသည် ယခုနှစ်ကုန်ပိုင်းတွင် FLIP လမျက်နှာပြင် လေ့လာရေးယာဉ်ကို လကမ္ဘာတောင်ဝင်ရိုးစွန်းသို့ စေလွှတ်ရန်စီစဉ်ထားသည်။

အဆိုပါ လမျက်နှာပြင် လေ့လာရေးယာဉ်သည် Hewlett Packard Enterprise ကုမ္ပဏီ၏ စူပါကွန်ပျူတာတစ်လုံးကို သယ်ယူသွားမည် ဖြစ်ကြောင်း အက်စထရိုလက်ဘ် ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Hewlett Packard Enterprise ကုမ္ပဏီသည် အထက်ပါ စူပါကွန်ပျူတာကို အာကာသတွင်း အသုံးပြုနိုင်ရေးအတွက် ပုံစံထုတ်တည်ဆောက်ထားခြင်းဖြစ်သည်။

FLIP မစ်ရှင်သည် စွမ်းဆောင်ရည်မြင့်မားသော စူပါကွန်ပျူတာတစ်လုံးနှင့် လူ့ဉာဏ်ရည်တုနည်းပညာ(AI)တို့ကို လမျက်နှာပြင်ပေါ်၌ စမ်းသပ်မည့်ပထမဆုံး မစ်ရှင်ဖြစ်သည်။

အက်စထရိုလက်ဘ် ကုမ္ပဏီသည် FLIP လမျက်နှာပြင်လေ့လာရေးယာဉ်ကို Griffin-1 လဆင်းယာဉ်နှင့်အတူ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂျပန်အိုးပင်းအမျိုးသမီးနှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် ဟန်တာနှင့် ဂျန်နစ်ဂျန်တို့အတွဲ ချန်ပီယံဆုဆွတ်ခူး

**တိုကျို အောက်တိုဘာ ၂၄**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပခဲ့သည့် ဂျပန်အိုးပင်းအမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ဩစတြေးလျတင်းနစ်မယ် ဟန်တာနှင့် အင်ဒိုနီးရှား တင်းနစ်မယ် ဂျန်နစ်ဂျန်တို့အတွဲက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း WTA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဟန်တာနှင့် ဂျန်နစ်ဂျန်တို့သည် ချက်တင်းနစ်မယ်များဖြစ်သည့်မာလီကိုဗာ၊ ကိုလိုဗီဂျိုဗာတို့အတွဲနှင့် ကစားခဲ့ရာ ပထမပွဲငယ်တွင် (၆-၄)ရလဒ်ဖြင့် အနိုင်ရခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၆-၁)ရလဒ်ဖြင့် ထပ်မံအနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဟန်တာသည် ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့်အတွက် ယခုနှစ်အတွင်း ဝင်ရောက်ကစားခဲ့သည့် ပြိုင်ပွဲများတွင် ဒုတိယအကြိမ်မြောက် နှစ်ယောက်တွဲပြိုင်ပွဲ၌ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ ဂျန်နစ်ဂျန်သည်လည်း ၂၀၂၅ ခုနှစ်က စင်စင်နတီအိုးပင်း အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ယခုအခါ ဂျပန်အိုးပင်း အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ချန်ပီယံဆုကို ထပ်မံဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref : WTA**

**Trs : STA**



## အာရှဖလားပြိုင်ပွဲကို ၂၀၃၂ ခုနှစ်ပြိုင်ပွဲမှစတင်ပြီး စုံဂဏန်းနှစ်များတွင် ကျင်းပမည်ဟု အာရှဘောလုံးအဖွဲ့ချုပ်ကြေညာ

**တိုကျို အောက်တိုဘာ ၂၄**

အာရှ ဘောလုံးအဖွဲ့ချုပ်က အာရှဖလားပြိုင်ပွဲကို လာမည့် ၂၀၃၂ ခုနှစ်ပြိုင်ပွဲမှ စတင်ပြီး စုံဂဏန်းနှစ်များတွင်သာ ကျင်းပမည်ဟု ကြေညာခဲ့ကြောင်း ASE-AN Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အာရှ ဖလားပြိုင်ပွဲကို စုံဂဏန်းနှစ်များတွင် ကျင်းပရန် အာရှ ဘောလုံးအဖွဲ့ချုပ်က အောက်တိုဘာ ၂၃ ရက်က ဂျပန်နိုင်ငံ၌ကျင်းပခဲ့သည့် အာရှ ဘောလုံးအဖွဲ့ချုပ် ကွန်ဂရက် အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အာရှဖလားပြိုင်ပွဲကို အစောပိုင်းက မဂဏန်းနှစ်များတွင်သာ ကျင်းပခဲ့ပြီး ယခုအခါ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ နိုင်ငံတကာ ပွဲစဉ်ကာလနှင့် ကိုက်ညီမှုရှိစေရန် စုံဂဏန်းနှစ်များတွင် ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အာရှဖလားပြိုင်ပွဲကို စုံဂဏန်းနှစ်များတွင် ပြောင်းလဲကျင်းပရန် စီစဉ်ထားသော်လည်း လာမည့် ၂၀၂၇ အာရှဖလားပြိုင်ပွဲကိုမူ ပုံမှန်အတိုင်း ကျင်းပမည်ဖြစ်ပြီး လာမည့် ၂၀၃၂ ခုနှစ်ပြိုင်ပွဲမှသာ စတင်ကာ စုံဂဏန်းနှစ်များတွင် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အစောပိုင်းက အာရှဖလားပြိုင်ပွဲသမိုင်းတွင် ၂၀၀၄ ခုနှစ်ပြိုင်ပွဲထိ စုံဂဏန်းနှစ်များတွင် ကျင်းပခဲ့သည်။ သို့ရာတွင် ၂၀၀၇ ခုနှစ်မှစတင်ကာ မဂဏန်းနှစ်များတွင် ကျင်းပခဲ့ပြီး လာမည့် ၂၀၂၇ ခုနှစ်ပြိုင်ပွဲကို နောက်ဆုံးမဂဏန်းနှစ်အဖြစ် ကျင်းပမည်ဖြစ်သည်။

လာမည့် ၂၀၂၇ခုနှစ်အာရှဖလားပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပရန်စီစဉ်ထားပြီး လက်ရှိအရှေ့ အလယ်ပိုင်းဒေသတွင်း အခြေအနေများကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်း ရဖွယ်ရှိနေကြောင်း သိရသည်။ **Ref : ASEAN Football**

**Trs : STA**

## မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကိုယ်စီအနိုင်ရ



**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့တွင် ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) အဖြစ် ရန်ကုန်မြို့ ပဒေသာ အားကစားကွင်းတွင် ရန်ကုန်စီးတီး အသင်းနှင့် စစ်ကိုင်းယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရန်ကုန် စီးတီးအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ရန်ကုန်စီးတီးအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၅၄ မိနစ်တွင် သန်းတိုးအောင်၊ ပွဲချိန် ၈၁ မိနစ်တွင်ဆမ်ဘာ၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို ငါးမိနစ်တွင် ရိုဒရီဂွက်တို့က သွင်းယူခဲ့ပြီး စစ်ကိုင်းယူနိုက်တက် အသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ကွမ်ဆက်ကသွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းတွင် ရောဝတီယူနိုက်တက် အသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ကစားခဲ့ရာ ရတနာပုံ အက်ဖ်စီအသင်းက ငါးဂိုး တစ်ဂိုး ဖြင့်အနိုင်ရပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၄ မိနစ်တွင် ဘော်ဂက်၊ ပွဲချိန် မိနစ် ၄၀ တွင် ထက်ဖြိုးဝေ၊ ပွဲချိန် ၇၂ မိနစ်တွင်ဆန်းတို့စ်၊ ပွဲချိန် ၈၅ မိနစ်တွင် ဖြိုးခန့်ငြိမ်း၊ ပွဲချိန် ၈၈ မိနစ်တွင် ဆွမ်လမန်တို့က သွင်းယူခဲ့ပြီး ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ် ပြည့်ပြီး အချိန်ပို သုံးမိနစ်တွင် စိုင်းခမ်းညီက သွင်းယူခဲ့သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၅ ရက်တွင် ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်း၊ ချင်းလန်း အက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီ အသင်းတို့ ဆက်လက်ကစားမည် ဖြစ်ကြောင်း သိရသည်။ **STA**

## ဘာစီလိုနာအသင်းက ကမ္ဘာ့အကောင်းဆုံးကစားသမားဆုပေးပွဲ အခမ်းအနားကို မတက်ရောက်ဘဲ ဆန့်ကျင်ရန်ပြင်ဆင်

**ဘာစီလိုနာ အောက်တိုဘာ ၂၄**

ဘာစီလိုနာအသင်းမှ အဓိက လူငယ်ကစားသမား လမိုင်းယာမယ်သည် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ထိပ်ဆုံး နှစ်ဦးစာရင်းတွင်မပါဝင်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုပေးပွဲ အခမ်းအနားကို အသင်းတာဝန်ရှိသူများနှင့် ကစားသမားများ တစ်ဦးမျှ တက်ရောက်ခြင်း မပြုလုပ်ဘဲ ဆန့်ကျင်ရန် ပြင်ဆင်နေကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက ကမ္ဘာ့အကောင်းဆုံးကစားသမားဆု အတွက် ရေပန်းစားမှုတွင် လမိုင်းယာမယ်သည် ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘတ်ပီ၊ ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းတို့နှင့်အတူ ပူးတွဲ ရပ်တည်နေသော်လည်း ပြင်သစ်မဂ္ဂဇင်းက ထိပ်ဆုံး နှစ်ဦး စာရင်းတွင် လမိုင်းယာမယ် ပါဝင်ခြင်းမရှိဟု ဘာစီလိုနာ အသင်းထံ အကြောင်းကြားခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဘာစီလိုနာအသင်းကလည်း လမိုင်းယာမယ်သည် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုနှင့် ထိုက်တန်သော်လည်း ထိပ်ဆုံးနှစ်ဦးစာရင်းတွင် ပါဝင်ခြင်းမရှိသည့်အတွက် ဆုပေးပွဲအခမ်းအနားကို မတက်ရောက်ဘဲ ဆန့်ကျင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုပေးပွဲ အခမ်းအနားတွင်လည်း ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းမှ ကစားသမားအမ်ဘတ်ပီ ဆုရရှိခြင်းမရှိဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် ဆုပေးပွဲ အခမ်းအနားကို တစ်ဦးမျှမတက်ရောက်ခဲ့ဘဲ ဆန့်ကျင်မှုများလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**Ref : 365 Scores**

**Trs : STA**

## ၂၀၂၆ ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် မြန်မာအသင်းက ဂူအမ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

အဇာဘိုင်ဂျန်နိုင်ငံတွင် ကျင်းပနေသည့် ၂၀၂၆ ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်အဖြစ် ယနေ့တွင် မြန်မာအသင်းနှင့် ဂူအမ်အသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် ပွဲစဉ်များကို ပထမပိုင်း မိနစ် ၂၀၊ ဒုတိယပိုင်း မိနစ် ၂၀ သတ်မှတ်ကစားခဲ့ကြခြင်းဖြစ်ပြီး မြန်မာအသင်းက အဖွင့်ပွဲစဉ်တွင် ဂူအမ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



မြန်မာအသင်းသည် ၂၀၂၆ ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် အုပ်စု(W)၌ ဂူအမ်အသင်း၊ ဂါနာအသင်း၊ ဘဟားမားစ်အသင်း၊ ကာဇက်စတန်အသင်း၊ ဥဇဘက်ကစ္စတန်အသင်းတို့နှင့် ကစားရမည် ဖြစ်သည်။

မြန်မာအသင်းသည် လက်ကျန်အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၅ ရက်တွင် ဂါနာအသင်း၊ ဘဟားမားစ်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကာဇက်စတန်အသင်း၊ ဥဇဘက်ကစ္စတန်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ယနေ့ကစားခဲ့သည့် ၂၀၂၆ ဖီဖာယူ -၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် အခြားအုပ်စုပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ဖီဂျီအသင်းကို ခုနစ်ဂိုး တစ်ဂိုး၊ မလေးရှားအသင်းက ဒိုမီနီကန်အသင်းကို သုံးဂိုး တစ်ဂိုး၊ အိန္ဒိယအသင်းက လာအိုအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။ **STA**

## ပါရာဂွေးနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ပါရာနာမြစ်ရေလျှံတက်လာပြီး အိမ်ထောင်စု ၄၂၀၀ ခန့် ရေဘေးသင့်ခဲ့



**အဆန်စီယွန် အောက်တိုဘာ ၂၄**

ပါရာဂွေးနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ပါရာနာမြစ်ရေလျှံတက်လာပြီး အိမ်ထောင်စု ၄၂၀၀ ခန့် ရေဘေးသင့်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြစ်ရေလျှံတက်မှုကြောင့် စီယူဒက်ဒယ်အက်စတေးမြို့ အပါအဝင် နိုင်ငံအရှေ့ပိုင်းရှိ ဒေသများမှ ဒေသခံများသည် ယာယီခိုလှုံရေးစခန်းများ၊ ဘုရားကျောင်းများတွင် ခိုလှုံလျက်ရှိကြောင်း သိရသည်။

ပါရာဂွေးနိုင်ငံ အမျိုးသားအရေးပေါ် အခြေအနေစီမံခန့်ခွဲရေးဌာန၏ ထုတ်ပြန်ချက်များအရ အယ်လ်တိုပါရာနာ၊ မီစီယိုနက်စ်၊ အီတာပူအာနှင့် ညမ်ဘူကူဒေသတို့တွင် မိုးရွာသွန်းမှုနှင့် မြစ်ရေလျှံတက်မှုများကြောင့် လူနေအိမ်များ၊ စိုက်ပျိုးမြေများနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးခဲ့ကြောင်း၊ ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးအဖွဲ့များက ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခြင်း၊ အစားအသောက်အပါအဝင် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားပြီး မြစ်ရေထပ်မံလျှံလာနိုင်သဖြင့် မြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းဒေသများတွင်နေထိုင်သူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်ကို သတိပြုကြရန် ဒေသအာဏာပိုင်များက သတိပေးထားသည်။

Ref : Russia Today

Trs : KZ

## နယူးဇီလန်နိုင်ငံ ဝှိုက်ကျွန်းမီးတောင်မှ ဆာလဖာဓာတ်ငွေ့နှင့်ပြာမှုန်များ ထွက်ရှိနေ

**ဝယ်လင်တန် အောက်တိုဘာ ၂၄**

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းအရှေ့ဘက်ကမ်းရိုးတန်းမှ ၄၈ ကီလိုမီတာခန့်အကွာရှိ ဝှိုက်ကျွန်းမီးတောင်မှ ဆာလဖာဓာတ်ငွေ့နှင့် ပြာမှုန်များ ဆက်တိုက်ထွက်ရှိနေကြောင်း ယနေ့သတင်းများအရ သိရသည်။

နယူးဇီလန်နိုင်ငံ မြေသိပ္ပံအဖွဲ့ (Earth Sciences New Zealand) ၏ လေ့လာစောင့်ကြည့်မှုအရ မီးတောင်ဝမှ ဆာလဖာဓာတ်ငွေ့နှင့် ပြာမှုန်များ ဆက်တိုက်ထွက်ရှိနေသဖြင့် မီးတောင်ဝန်းကျင်တွင် လေထုညစ်ညမ်းနေကြောင်း၊ အဆိပ်ဓာတ်ငွေ့နှင့် ပြာမှုန်များကြောင့် ကောင်းကင်ယံတွင် မြင်ကွင်းဝေဝါးကာ လေကြောင်းပျံသန်းမှုအတွက် အနှောင့်အယှက်ဖြစ်လာနိုင်သဖြင့် လေကြောင်းပျံသန်းမှုဆိုင်ရာ လိမ္မော်ရောင် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအခြေအနေအရ မီးတောင်လှုပ်ရှားမှု အခြေအနေသည် ပေါက်ကွဲအားပြင်းထန်လာနိုင်သည့် လက္ခဏာများ မတွေ့ရှိရသေးသော်လည်း ရုတ်တရက်ပြောင်းလဲလာနိုင်သဖြင့် ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း၊ မီးတောင်ပြာများကြောင့် နယူးဇီလန် ကုန်းမကြီးတစ်လျှောက် ဆာလဖာအနံ့များနှင့် ပြာမှုန်များ ပျံ့နှံ့နေသဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသောကြောင့် ပြည်သူများကို မက်စ်များ တပ်ဆင်သွားလာကြရန် တာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## အင်ဒိုနီးရှားနိုင်ငံ ဘရိုမိုတန်ဂါစီမီရူအမျိုးသားဥယျာဉ်အတွင်း လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်ခဲနေဆဲဖြစ်

**ဂျကာတာ အောက်တိုဘာ ၂၄**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းရှိဘရိုမိုတန်ဂါစီမီရူအမျိုးသားဥယျာဉ်အတွင်း တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးမှာ ထိန်းချုပ်ရခက်ခဲနေဆဲဖြစ်ကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာစီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည်မှာ ရက်သတ္တပတ်ခန့်ကြာမြင့်နေပြီဖြစ်ကြောင်း၊ လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများဆီသို့ကူးစက်လာသည့်အတွက် တောမီးအန္တရာယ်ကို အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ကြောင်း သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"ဘရိုမိုတန်ဂါစီမီရူအမျိုးသားဥယျာဉ်အတွင်း တောမီးလောင်ကျွမ်းမှုဟာမိုးလေဝသအခြေအနေကြောင့် ထိန်းချုပ်ရခက်နေဆဲဖြစ်ပါတယ်။ တောမီးဟာ လူနေအိမ်တွေဆီကို ကူးစက်နေပြီး သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှဝန်ထမ်းတွေက တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ကူညီပေးနေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေကလဲ တောမီးကိုထိန်းချုပ်နိုင်ဖို့ ကြိုးစားပြီး ငြိမ်းသတ်နေပါတယ်။ တောမီးလောင်ကျွမ်းနေတာ ရက်သတ္တပတ်နီးပါးရှိနေပြီဖြစ်ပြီး တောမီးကြောင့် မတော်တဆဖြစ်စဉ်တချို့ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ခြောက်ယောက်ထက်မနည်း ရှိခဲ့ပါတယ်"ဟုသဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာစီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦး က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်သဖြင့် သတိပေးချက်ထုတ်ပြန်ထား

**နယူးဒေလီ အောက်တိုဘာ ၂၄**

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ပြီး မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု မြင့်မားနိုင်သည့်အတွက် အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD) က မုန်တိုင်းအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် အောက်တိုဘာ ၂၇ ရက်မှ အောက်တိုဘာ ၂၉ ရက်အတွင်း ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေကြောင်း၊ အိန္ဒိယနိုင်ငံ ပြည်နယ်တချို့၌ မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး ပြည်နယ်တချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြင့် ရင်ဆိုင်နေရသည့်အတွက် နိုင်ငံအတွင်း ရာသီဥတုမမျှတသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း IMD က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"အန်ဒရာပရာဒေ့ရှ်ပြည်နယ်ကို ဦးတည်ပြီးတော့ လာမဲ့ရက်ပိုင်းအတွင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ဖွယ် ရှိနေပါတယ်။ အောက်တိုဘာ ၂၇ ရက်မှ အောက်တိုဘာ ၂၉ ရက်အတွင်း တိုက်ခတ်နိုင်ပါတယ်။ မုန်တိုင်းဟာ မြောက်အိန္ဒိယ သမုဒ္ဒရာဘက်ပိုင်းမှာ အစပျိုးလာခဲ့တာ ဖြစ်ပါတယ်။ မုန်တိုင်း ဝင်ရောက်နိုင်တဲ့အတွက် အန်ဒရာပရာဒေ့ရှ် ပြည်နယ်တစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုတွေဖြစ်ပေါ်နေပါတယ်။ လေတိုက်နှုန်းတွေလဲ မြင့်တက်နေပါတယ်။ ကမ်းခြေဒေသတွေမှာတော့ မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေပါ ဖြစ်ပေါ်လာတော့မဲ့ အခြေအနေမျိုး ရောက်ရှိနေပါတယ်။ မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ သတိပေးချက် ထုတ်ပြန်ထားပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေး ဦးစီးဌာန (IMD) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ဥရောပနိုင်ငံများတွင် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သောရောဂါများကြောင့် သေဆုံးသူဦးရေ ၅၀၀၀၀ ထက်မနည်းရှိခဲ့ကြောင်း သုတေသီများက ထုတ်ပြန်

**လန်ဒန် အောက်တိုဘာ ၂၄**

ဥရောပနိုင်ငံများတွင် ယခုနှစ်နွေရာသီအတွင်း အပူလှိုင်းများဖြတ်သန်းကာ အပူချိန်မြင့်တက်မှုများဖြစ်ပေါ်ခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သောရောဂါများကြောင့် သေဆုံးသူဦးရေ ၅၀၀၀၀ ထက်မနည်းရှိခဲ့ကြောင်း အင်္ဂလန်နိုင်ငံအခြေစိုက် အင်ပီရီယယ်ကောလိပ်(လန်ဒန်)မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှုမှာ သဘာဝအလျောက် ဖြစ်ပေါ်ခဲ့ခြင်းထက် လူသားတို့၏ တောမီးရှို့ခြင်း၊ တောင်ယာခုတ်ခြင်း စသည်တို့ လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးခဲ့သူများမှာ ဥရောပနိုင်ငံရှိ မြို့ပေါင်း ၈၅၄ မြို့မှဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ဥရောပနိုင်ငံတွေမှာ ဒီနှစ်နွေရာသီအတွင်း အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူဦးရေ ၅၀၀၀၀ ထက်မနည်းရှိခဲ့ပါတယ်။ ၂၀၂၅ ခုနှစ်က အပူချိန်မြင့်တက်မှုကြောင့် သေဆုံးခဲ့တဲ့လူဦးရေထက် ၇၁ ရာခိုင်နှုန်းထိ မြင့်မားလာခဲ့ပါတယ်။ ဥရောပနိုင်ငံ မြို့ပေါင်း ၈၅၄ မြို့မှာ အပူချိန်မြင့်တက်မှုကြောင့် သေဆုံးမှုတွေဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်ပြီး သုတေသနပြုလုပ်ခဲ့ရာမှာ အများစုဟာ လူသားတွေရဲ့ လုပ်ဆောင်ချက်ကြောင့် အပူချိန်မြင့်တက်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့်တော့ ဥရောပတိုက်အနောက်ဘက်ပိုင်းနဲ့ မြောက်ဘက်ပိုင်းနိုင်ငံတွေမှာ အပူချိန်မြင့်တက်မှုနဲ့ အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရပါတယ်"ဟု အင်ပီရီယယ်ကောလိပ်(လန်ဒန်)၏ သုတေသီများအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# မြေဆီလွှာအာဟာရကြွယ်ဝစေဖို့ သစ်စိမ်းမြေဩဇာထည့်ကြပါစို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

ယနေ့ခေတ်တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ စားရေရိက္ခာလိုအပ်ချက် များပြားလာသည့်အတွက် မြေကိုအနားမပေးဘဲ ဆက်တိုက်စိုက်ပျိုးလာကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်အတွက် မြေဆီလွှာကောင်းမွန်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ရေရှည်တည်တံ့စေမည့် စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်မှုစနစ်ကို ဖော်ဆောင်ရာ၌ မြေဆီလွှာကျန်းမာမှုရှိစေရေးအတွက် သစ်စိမ်းမြေဩဇာများ ထည့်သွင်းအသုံးပြုခြင်းသည် မျက်မှောက်ကာလတွင် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်လာသည်။

သစ်စိမ်းမြေဩဇာဆိုသည်မှာ မြေဆီလွှာ၏ အာဟာရဓာတ်နှင့်ဖွဲ့စည်းပုံကို ပိုမိုကောင်းမွန်စေရန်အတွက် အကြီးမြန်ဆွေးမြည့်လွယ်၍ ဇီဝဒြပ်ထု (Biomass)များများရရှိနိုင်သော အပင်မျိုးကို စိုက်ပျိုးပြီး အပင်စိမ်းလန်းနေဆဲ၌ဖြစ်စေ၊ ပန်းပွင့်ပြီးခါစအချိန်တွင်ဖြစ်စေ မြေထဲတွင် တိုက်ရိုက်ထွန်ယက်မြှုပ်နှံပေးရသော အပင်မျိုးဖြစ်သည်။ သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုမည့်အပင်များသည် နိုက်ထရိုဂျင်ပါဝင်မှုများပြီး အမြစ်နက်နက်ဆင်းနိုင်သည့် အပင်များဖြစ်ရန်လိုသည်။ ပဲလွမ်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပိုက်ဆန်လျှော်၊ ညံပင်၊ နေကြာရိုင်း၊ ဆူးမဲ့ထိကရုံး အစရှိသည့်အပင်တို့ကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်သည်။

သစ်စိမ်းမြေဩဇာများ ထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများကိုသာမက ဇီဝဂုဏ်သတ္တိကိုပါ ပိုမိုကောင်းမွန်အောင် ပြောင်းလဲပေးသဖြင့် မြေဆီလွှာ၏မြေဩဇာထက်သန်မှုနှင့် ဖွဲ့စည်းပုံကို ပိုမိုတိုးတက်ကောင်းမွန်စေသည်။

**မြေဆီလွှာကျန်းမာရေးအတွက် သစ်ဆွေးဓာတ်ဖြည့်တင်းခြင်း**

မြေဆီလွှာဆိုသည်မှာ ယေဘုယျအားဖြင့် အပင်များကြီးထွားဖွံ့ဖြိုးရန် လိုအပ်သောသတ္တုဓာတ်များ ၄၅ ရာခိုင်နှုန်း၊ သစ်ဆွေးဓာတ် ငါးရာခိုင်နှုန်း၊ လေပေါက် ၂၅ ရာခိုင်နှုန်းနှင့် ရေပေါက် ၂၅ ရာခိုင်နှုန်းတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သို့ရာတွင် စိုက်ပျိုးမြေအများစုတွင် သစ်ဆွေးဓာတ်ပါဝင်မှုသည် နှစ်ရာခိုင်နှုန်းအောက်သာရှိတတ်သည်။ စိုက်ပျိုးမြေကောင်းတစ်ခုဖြစ်လာစေရန် မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်သည် သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းခန့်ထိ ရှိနေရန်လိုအပ်သည်။ သို့မှသာ အပင်အတွက် ကောင်းမွန်သော ထွန်ယက်လွှာကိုရရှိမည်ဖြစ်သည်။ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်ပါဝင်မှုမြင့်မားစေရန်အတွက် သဘာဝမြေဩဇာပမာဏများများထည့်သွင်းပေးရန်လိုသည်။

**သစ်စိမ်းမြေဩဇာ၏ အကျိုးကျေးဇူးများ**

ပဲမျိုးရင်းဝင် သစ်စိမ်းမြေဩဇာအပင်များသည် လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူစုဆောင်းပေးနိုင်ပြီး အမြစ်များက မြေအောက်နက်ရှိုင်းစွာထိဆင်းကာ အခြားသီးနှံများမမီနိုင်သည့် အာဟာရဓာတ်များကို စုပ်ယူစုဆောင်းပေးနိုင်သည်။ သစ်စိမ်းမြေဩဇာများကို စနစ်တကျထည့်သွင်းအသုံးပြုခြင်းဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကို သိသိသာသာလျှော့ချနိုင်ကာ စိုက်ပျိုးစရိတ်ကိုသက်သာစေသည်။ မြေပြုပြင်ထွန်ယက်မှု ပြုလုပ်ရသည်ကို လွယ်ကူစေသည်။ သစ်စိမ်းမြေဩဇာပင်များသည် ကြီးထွားစဉ်ကာလ၌ မြေပြင်ကို ဖုံးလွှမ်းပေးထားပြီး ပေါင်းပင်ပေါက်ရောက်မှုကို ဟန့်တားပေးကာ မိုးသည်းထန်ချိန်တွင် မြေဆီလွှာတိုက်စားခံရခြင်းမှ ကာကွယ်ပေးသည်။

**အဏုဇီဝပိုးလုပ်ဆောင်ချက်များကို အထောက်အကူပြုခြင်း**

သစ်စိမ်းမြေဩဇာကို မြေမြှုပ်လိုက်သည့်အခါ အဏုဇီဝပိုးတို့အတွက် အဓိကအစားအစာဖြစ်သော ကာဗွန်နှင့် အာဟာရဓာတ်များရရှိသည်။ သစ်ဆွေးဓာတ်ပါဝင်မှု မြင့်မားသည့်မြေသည် မျှတသည့်အစိုဓာတ်နှင့် လေဝင်လေထွက်ကောင်းမွန်မှုရှိသဖြင့် အဏုဇီဝပိုးများ ရှင်သန်နေထိုင်ရန် အသင့်တော်ဆုံး



သစ်စိမ်းမြေဩဇာပင်များကို ထယ်ထိုး၍ မြေမြှုပ်နေပုံကို တွေ့ရစဉ်။

ပတ်ဝန်းကျင်ကောင်းဖြစ်သည်။ မြေထဲရှိ အပင်များတိုက်ရိုက်မစုပ်ယူနိုင်သေးသည့် အာဟာရဓာတ်များနှင့် အပင်အကြွင်းအကျန်များကို အဏုဇီဝပိုးများက အစာအဖြစ်စားသုံးရင်း ဖြိုခွဲပေးသည်။

အဏုဇီဝပိုးအရေအတွက် များပြားလေလေ ဖြိုခွဲပေးသည့်လုပ်ဆောင်ချက် ပိုမိုအားကောင်းလေလေဖြစ်သည့်အတွက် မြေအာဟာရဓာတ်များကို အပင်များ အလွယ်တကူစုပ်ယူနိုင်စေသည်။ သစ်စိမ်းမြေဩဇာထည့်ပေးခြင်းကြောင့် အဏုဇီဝပိုးများက အပင်အတွက် လိုအပ်သောအာဟာရများကို သဘာဝအတိုင်း အဆက်မပြတ် ထုတ်လုပ်ပေးနိုင်စွမ်း ပိုမိုအားကောင်းလာစေပြီး မြေဆီလွှာ၏ ဇီဝဂုဏ်သတ္တိကို သိသာထင်ရှားစွာ ပိုမိုကောင်းမွန်စေသည်။

**ရာသီဥတုဒဏ်ခံနိုင်ရည်**

သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းသည် မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်တိုးပွားလာစေပြီး မြေဆီလွှာကို အာဟာရကြွယ်ဝစေသည့်အပြင် မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည့်မှုမမှန်သော ရာသီဥတုအခြေအနေများကိုပါ ကြံ့ကြံ့ခံနိုင်ရည်ရှိကာ စိုက်ပျိုးရေးစနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်သည်။ သစ်ဆွေးဓာတ်မြေဩဇာသည် မြေမှုန်များကို စုစည်းပေးကာ လေပေါက်၊ ရေပေါက်များ မျှတစွာပါဝင်စေပြီး မြေစိုင်ခဲများ၏ဖွဲ့စည်းပုံကို ကောင်းစေသည်။

ထို့ပြင် မိုးနည်းချိန်များတွင် ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိပြီး အပင်များအတွက် ရေနှင့်အာဟာရကို ကြာရှည်စွာ ထိန်းသိမ်းပေးနိုင်သကဲ့သို့ ရေများပါကလည်း ရေဝပ်ဒဏ်ကို တစ်စိတ်တစ်ပိုင်း ခံနိုင်ရည်ရှိစေသည်။ မြေကြီးသည် ပွရောင်းပြီး လေဝင်လေထွက်ကောင်းနေသဖြင့် ရေဝပ်နေသည့်တိုင်အောင် အမြစ်များဆီသို့ အောက်ဆီဂျင်ရောက်ရှိနိုင်စေရန် အထောက်အကူပြုသည်။

သစ်ဆွေးဓာတ်ကြွယ်ဝသောမြေတွင် ပေါက်ရောက်သည့် အပင်များ၏အမြစ်များသည် သန်မာပြီး ရေဓာတ်လွန်ကဲချိန်၌ အပင်ယိုင်လဲမသွားဘဲ ကြံ့ကြံ့ခံနိုင်စွမ်းရှိသည်။ ထို့ပြင် သစ်ဆွေးဓာတ်ကြွယ်ဝသောမြေရှိ အပင်၏အမြစ်များကို ရာသီဥတုကြောင့် မြေထုအပူချိန် ရုတ်တရက်မြင့်တက်လာခြင်း သို့မဟုတ် အေးခဲခြင်းဒဏ်မှ ကာကွယ်ပေးနိုင်သည်။

**ကာဗွန်စုပ်ယူသိမ်းဆည်းပေးခြင်း**

သစ်စိမ်းမြေဩဇာပင်များကို စိုက်ပျိုးပြီး မြေတွင်းသို့ ထယ်ထိုးမြေမြှုပ်လိုက်သောအခါ ဆွေးမြည့်ပျက်စီးပြီး မြေဆီလွှာအတွင်း၌ သစ်ဆွေးဓာတ် (အော်ဂဲနစ်ကာဗွန်)အဖြစ် ပြောင်းလဲသွားကာ လေထုထဲမှ ကာဗွန်ဓာတ်ငွေ့များကို မြေအောက်တွင် နှစ်ရှည်လများ ဆက်လက်ထိန်းသိမ်းထားနိုင်သည်။ ထို့ကြောင့် သစ်စိမ်းမြေဩဇာစိုက်ပျိုးထည့်သွင်းခြင်းသည် မြေဆီလွှာကို အာဟာရကြွယ်ဝစေရုံသာမက လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို သဘာဝအတိုင်း စုပ်ယူသိမ်းဆည်းပေးနိုင်သဖြင့် ကမ္ဘာကြီးပူနွေးမှုကိုပါ တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်သည့်အကျိုးကျေးဇူးကို ရရှိစေသည်။

**ကြီးထွားမှုအဆင့်အလိုက်နိုက်ထရိုဂျင်ရရှိနိုင်မှု**

သစ်စိမ်းမြေဩဇာပင်များတွင် ကြီးထွားမှုအဆင့်အလိုက် နိုက်ထရိုဂျင်ဓာတ်ပြောင်းလဲဖြစ်ပေါ်မှုသည် အလွန်အရေးပါသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ အပင်၏သက်တမ်းနှင့် ကြီးထွားမှုအဆင့်ပေါ်မူတည်၍ နိုက်ထရိုဂျင်စုဆောင်းနိုင်မှုနှင့် မြေတွင်းသို့ ပြန်လည်ဖြန့်ဝေပေးနိုင်မှု ကွာခြားသည်။ အပင်ငယ် ၁၀ အစောပိုင်းအဆင့် သက်တမ်းနုသည့်အရွယ်တွင် (အပင်ပေါက်ပြီး ရက် ၃၀ ခန့်) အပင်၏ ဇီဝဒြပ်ထုနှင့် မြစ်ဖုများ စတင်ဖြစ်ပေါ်နေဆဲဖြစ်သဖြင့် လေထုထဲမှ နိုက်ထရိုဂျင်ဖမ်းယူနိုင်မှုနှင့် စုဆောင်းနိုင်မှုပမာဏမှာ နည်းပါးနေသည်။ ဤအဆင့်တွင် မြေတွင်းသို့ သစ်စိမ်းမြေဩဇာများထည့်သွင်းပါက ဆွေးမြည့်မှု အလွန်မြန်ဆန်သော်လည်း နိုက်ထရိုဂျင်အာဟာရပမာဏ အပြည့်အဝမရရှိနိုင်သေးပေ။

ပန်းပွင့်ခါနီးချိန်(၄၉ ရက်မှ ၆၅ ရက်သားခန့်)တွင် သစ်စိမ်းမြေဩဇာကိုမြေမြှုပ်ရန် အကောင်းဆုံးနှင့် အသင့်တော်ဆုံးအချိန်ဖြစ်သည်။ ဤအဆင့်၌ အပင်တွင် အာဟာရဓာတ်များနှင့် သစ်ဆွေးဓာတ်ပါဝင်မှုအမြင့်ဆုံးသို့ ရောက်ရှိနေချိန်ဖြစ်ပြီး လေထုထဲမှ နိုက်ထရိုဂျင်ကို မြစ်ဖုများက အများဆုံးစုဆောင်းထားနိုင်သည်။ ဤအချိန်တွင် မြေတွင်းသို့ သစ်စိမ်းမြေဩဇာများထည့်သွင်းပါက အဏုဇီဝပိုးမွှားများ၏ဖြိုခွဲမှုဖြစ်စဉ်ကြောင့် အပင်များလွယ်ကူစွာစုပ်ယူနိုင်သော နိုက်ထရိုဂျင်အာဟာရဓာတ်ပုံစံများဖြစ်သည့် အမိုနီယမ်နှင့် နိုက်ထရိတ်အဖြစ်သို့ အမြန်ဆုံးနှင့် အများဆုံးပြောင်းလဲထွက်ပေါ်လာကာ နောက်စိုက်မည့် သီးနှံများအတွက် နိုက်ထရိုဂျင်အာဟာရဓာတ်ကို အပြည့်အဝထောက်ပံ့ပေးနိုင်သည်။

အပင်သက်တမ်းရင့်ပြီး အစေ့အဆန်တည်သည့်အချိန် ပင်စည်နှင့် အကိုင်းအခက်များ တောင့်တင်းမာကျောနေပြီး ကာဗွန်၊ နိုက်ထရိုဂျင်အချိုး (C:N ratio) မြင့်တက်လာသည့်အတွက် မြေတွင်းသို့ သစ်စိမ်းမြေဩဇာများထည့်သွင်းမြှုပ်နှံလျှင် ဇီဝဒြပ်ထုပမာဏများစွာ ရရှိနိုင်သော်လည်း အဏုဇီဝပိုးများက ဖြိုခွဲရခက်လာသည့်အတွက် ဆွေးမြည့်ပျက်စီးမှုနှေးကွေးသည်။ ကာဗွန်၊ နိုက်ထရိုဂျင်အချိုးမြင့်မားသောပစ္စည်းများကို အဏုဇီဝပိုးမွှားများက ဖြိုခွဲသည့်အခါ မြေတွင်း၌ မူလရှိနေသည့် နိုက်ထရိုဂျင်အာဟာရများကို ၎င်းတို့၏ကိုယ်ခန္ဓာတည်ဆောက်ရေးအတွက် ရယူသုံးစွဲကြသည်။ ဤဖြစ်စဉ်ကြောင့် မြေဆီလွှာထဲတွင် အပင်များ ချက်ချင်းစုပ်ယူနိုင်သည့် နိုက်ထရိုဂျင်ပမာဏ ရုတ်တရက်ကျဆင်းသွားပြီး နောက်စိုက်သည့် သီးနှံပင်ငယ်များအနေဖြင့် အဝါရောင်ပြောင်းခြင်း၊ ကြီးထွားမှုနှေးကွေးခြင်း စသည့်အာဟာရချို့တဲ့သည့်လက္ခဏာများ ခံစားရနိုင်သည်။ ဆွေးမြည့်ပျက်စီးမှု အလွန်နှေးကွေးသွားသည့်အတွက် နောက်စိုက်သည့်သီးနှံပင် ကြီးထွားကာလအစောပိုင်းနှင့် အလယ်ပိုင်းထိ လိုအပ်သောအာဟာရဓာတ်များကို အချိန်မီမရနိုင်ဘဲ သီးနှံသက်တမ်းကုန်ခါနီးမှသာ အာဟာရများထွက်ပေါ်လာခြင်းမျိုးဖြစ်တတ်သည်။

ထို့ကြောင့် ရေတိုတွင် အာဟာရဓာတ်များလျင်မြန်စွာရရှိရန်နှင့် ရေရှည်တွင် မြေဆွေးဓာတ်ကြွယ်ဝလာစေရန်အတွက် အပင်နုနယ်ချိန်နှင့်သက်တမ်းရင့်သည့်အချိန်များတွင် ထယ်ထိုးမြေမြှုပ်ခြင်းကိုရှောင်ရှား၍ ဇီဝဒြပ်ထုလုံလောက်စွာရရှိနိုင်ပြီး အာဟာရဓာတ်လည်း အကောင်းဆုံးပံ့ပိုးပေးနိုင်သည့် ပန်းပွင့်ခါနီးချိန်တွင် မြေတွင်းသို့ ထယ်ထိုးမြေမြှုပ်ပေးခြင်းသည် အကောင်းဆုံးနှင့်အထိရောက်ဆုံးဖြစ်သည်။

သစ်စိမ်းမြေဩဇာအသုံးပြုခြင်းသည် ပျက်စီးနေသည့်မြေဆီလွှာကို ပြန်လည်အသက်သွင်းပေးနိုင်သည့် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ သစ်စိမ်းမြေဩဇာများကို မြေဆီလွှာထဲသို့ ထည့်သွင်းပေးခြင်းဖြင့် ဓာတ်မြေဩဇာများကို အထိုက်အလျောက် လျှော့ချသုံးစွဲနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးသည့်သီးနှံကို ရာသီဥတုဆိုးရွားမှုဒဏ်ခံနိုင်ရည်ရှိစေသည်။

သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် ဓာတ်မြေဩဇာကုန်ကျစရိတ်သက်သာစေရန်နှင့် မြေဆီလွှာကို ရေရှည်ကျန်းမာသန်စွမ်းစေရန်အတွက် ဒေသနှင့်ကိုက်ညီသော သစ်စိမ်းမြေဩဇာများကို တိုးချဲ့စိုက်ပျိုးအသုံးပြုကြခြင်းဖြင့် ရေရှည်တည်တံ့ပြီး အထွက်တိုးသည့် စိုက်ပျိုးရေးစနစ်ကို ဖော်ဆောင်နိုင်ကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# ဇွန်ဘီပလာဇာရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် အောက်တိုဘာ ၂၄**

MEGA MOE Film Production နှင့် HEIN Production တို့က ပူးပေါင်းစီစဉ်ထုတ်လုပ်သည့် ဇွန်ဘီပလာဇာ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ အောင်မြတ်ထံမှ သိရသည်။

အဆိုပါ ဇွန်ဘီပလာဇာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လဲ့ရည်နိုင်က ရေးသားထားပြီး ဒါရိုက်တာ အောင်မြတ်က MEGA MOE Film Production နှင့် HEIN Production တို့အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"လူစည်ကားတဲ့ ဈေးဝယ်ပလာဇာတစ်ခုမှာ မထင်မှတ်ထားတဲ့ ဖြစ်ရပ်တစ်ခုကြောင့် လူတွေ တစ်ယောက်ပြီးတစ်ယောက် ဇွန်ဘီတွေအဖြစ် ပြောင်းလဲသွားတဲ့အခါ ပလာဇာအတွင်း ပိတ်မိနေသူတွေအားလုံး လွတ်မြောက်ဖို့ အတူကြိုးစားကြရင်း သူတို့အားလုံးရဲ့ကံကြမ္မာက ဘယ်လိုဖြစ်လာမလဲ။ ဒီပလာဇာထဲကနေ အသက်ရှင်လျက် ပြန်ထွက်နိုင်ပါ့မလား။ အသက်ဘေးနဲ့ ကြောက်ရွံ့မှုတွေကြား သစ္စာနဲ့ သံယောဇဉ်တွေကိုပါ စမ်းသပ်လာမဲ့ မြန်မာနိုင်ငံရဲ့ ပထမဆုံး ဇွန်ဘီ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၃၀ ရက်မှာ ရုံတင်ပြသတဲ့အခါ အားပေးကြပါအုံး" ဟု ဒါရိုက်တာ အောင်မြတ်က ပြောပြသည်။

ဇွန်ဘီပလာဇာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ဖြိုးငွေစိုး၊ တိုင်ရွှန်၊ ထူးအောင်၊ အောင်ရေချမ်း၊ နေထွဋ်၊ သိန်းလင်းစိုး၊ ဆင်မ၊ ဂျိုကာ၊ ဖုန်းသီရိကျော်၊ မြတ်လာရာရဲထွန်း၊ တက္ကသိုလ်ငွမ်းပိုနှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Mummy ရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို ယူနီဗာဆယ်ကြေညာ

**နယူးယောက် အောက်တိုဘာ ၂၄**

မင်းသား ဘရန်ဒန်ဖရေဆာနှင့် မင်းသမီး ရာချယ်ဝိုက်တို့ ပါဝင်မည့် The Mummy ရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာထားကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ယူနီဗာဆယ်၏ကြေညာချက်အရ အဆိုပါဇာတ်ကားသစ်၏ တရားဝင် ဇာတ်ကားနာမည်မှာ The Mummy : Book of the Dead ဖြစ်ကြောင်း သိရသည်။

The Mummy : Book of the Dead ဇာတ်ကားတွင် ဘရန်ဒန်ဖရေဆာနှင့် ရာချယ်ဝိုက်တို့က ရစ်ခ်နှင့် အီဗီဇာတ်ကောင်နေရာများ၌ သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဘရန်ဒန်ဖရေဆာနှင့်ရာချယ်ဝိုက်တို့သည် The Mummy (1999) ဇာတ်ကားတွင် ရစ်ခ်နှင့် အီဗီဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြသည်။

The Mummy : Book of the Dead ဇာတ်ကားကို ဒါရိုက်တာ မက်ဘက်တီနယ်လီအော်ပင်နှင့် တေလာဂျီးလက်တို့က တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

The Mummy : Book of the Dead ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကော့ဂျီရှဲက ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ရုပ်ရှင်နှင့်သဘင်အနုပညာရှင်များပါဝင်မည့် မင်းနန္ဒာနှင့် ရှင်မွေးလွန်း တေးအော်ပရာကို အထူးအစီအစဉ်အဖြစ် ဝဇီရာကဇာတ်ရုံ၌ ပြုလုပ်မည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရုပ်ရှင်နှင့် သဘင်အနုပညာရှင်များပါဝင်မည့် မင်းနန္ဒာနှင့် ရှင်မွေးလွန်း တေးအော်ပရာကို အထူးအစီအစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ ပြုလုပ်သွားမည် ဖြစ်ကြောင်း ဒါရိုက်တာ မောင်သီထံမှ သိရသည်။

အဆိုပါ မင်းနန္ဒာနှင့် ရှင်မွေးလွန်းတေးအော်ပရာသည် ဒါရိုက်တာ မောင်သီ၏ ဖြစ်ရပ်မှန်ကို အခြေခံထားသည့် တေးအော်ပရာဖြစ်ပြီး ဝဇီရာကဇာတ်ရုံတွင် အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၇ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်အခါသမယကို အနုပညာရသတွေနဲ့အတူ ဖြတ်သန်းနိုင်ဖို့ ဝဇီရာကဇာတ်ရုံမှာ ပရိသတ်ကြီးအတွက် အထူးအစီအစဉ်အဖြစ် မင်းနန္ဒာနှင့် ရှင်မွေး




လွန်းတေးအော်ပရာကို တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။ မြန်မာ့အနုပညာကိုခံစားရင်း ပျော်ရွှင်ကြည်နူးဖွယ် အမှတ်တရတွေနဲ့ အတူတကွပါဝင်ဆင်နွှဲဖို့ ဝဇီရာကဇာတ်ရုံဆီ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု ဒါရိုက်တာ မောင်သီက ပြောပြသည်။

အဆိုပါ မင်းနန္ဒာနှင့် ရှင်မွေးလွန်းတေးအော်ပရာတွင် ကောင်းမြတ်စံ၊ ဇော်ဝင်းနိုင် (မန်း)၊ ပေါ်ဦး၊ ကံပွင့်၊ ဝိုင်းဝိုင်းလည်၊ မေတ္တာမြင့်မြတ်ဟိန်း၊ ကျင်ဝှက်၊ မျောက်ရှုံး၊ အောင်မော်၊ ဟိန်းရတု၊ ယမုံမြင့်မြတ်၊ အိဇင်မိုး၊ မေသဲထိုက်၊ မြတ်မှူးအိန္ဒြေ၊ ထရက်ရှာဦး၊ ရွှေကိန္နရီနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# A 24 ကုမ္ပဏီ၏ သိပ္ပံရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဇန်ဒါးယား ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၂၄**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ သိပ္ပံရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ဇန်ဒါးယား ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၃ ရက်သတင်းများအရ သိရသည်။

အထက်ပါ သိပ္ပံရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

အဆိုပါ သိပ္ပံရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ အဲလက်ဂါးလန်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

လက်ရှိတွင် အထက်ပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

သို့ရာတွင် အဆိုပါသိပ္ပံရုပ်ရှင်ဇာတ်ကားကို ၂၀၂၇ ခုနှစ်အတွင်း စတင်ရိုက်ကူးရန် A 24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

မင်းသမီး ဇန်ဒါးယားသည် ယခုနှစ်အတွင်း The Odyssey နှင့် Spider-Man: Brand New Day ဇာတ်ကားတို့၌ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# လမ်းပြကြယ်ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၄**

Yee Mon Aung Film Production က ရိုက်ကူးထုတ်လုပ်သည့် လမ်းပြကြယ် ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ တောင်ဥက္ကလာပစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ဥသြသံသာထံမှ သိရသည်။

အဆိုပါ လမ်းပြကြယ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ဝိဒက ရေးသားထားခြင်းဖြစ်ပြီး အဲရစ်လင်းက ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ဝိဒက Yee Mon Aung Film Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လမ်းပြကြယ်ဇာတ်လမ်းတွဲမှာ မေနှင်းထက် ကာရိုက်တာနဲ့ ပါဝင်မှာ ဖြစ်ပါတယ်။ ပေ့ါပေ့ါပါးပါးနဲ့ ယောကျ်ားသားဆန်ဆန် ချစ်စရာကောင်းမလေးပါ။ ဇာတ်လမ်းပုံစံလေးက ပရိသတ်တွေအကြိုက်တွေ့မှာပါ။ ဒီဇာတ်လမ်းတွဲထွက်လာရင်လဲ ဝေဖန်ကြည့်ရှုအားပေးကြပါအုံး"ဟု သရုပ်ဆောင် ဥသြသံသာက ပြောပြသည်။

အဆိုပါ လမ်းပြကြယ် ရုပ်သံဇာတ်လမ်းတွဲကို Fortune TV ရုပ်သံ လိုင်းက ထုတ်လွှင့်ပြသမည်ဖြစ်ပြီး သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ ထူးသာ၊ ဥသြသံသာ၊ ပိုးထက်သိမ်မွေ့၊ သာသာသာနှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Vice-President U Nyo Saw attends and encourages contestants on fourth day of 27th Myanmar Traditional Cultural Performing Arts Competition



Vice-President U Nyo Saw enjoys a contest on the fourth day of the 27th Myanmar Traditional Cultural Performing Arts Competition.

**Nay Pyi Taw October 24**

Vice-President U Nyo Saw, together with departmental officials, attended and encouraged contestants competing on the fourth day of the 27th Myanmar Traditional Cultural Performing Arts Competition this morning.

First, the Vice-President, accompanied by Union Minister U Khin Maung Soe and officials, visited Sin Phyu Shin Hall at the Nay Pyi Taw Guest House to observe the basic education level (ages 10–15) girls' tradional freestyle Myanmar dance competition, where contestant teams from various regions and states performed neat and graceful traditional Myanmar dance steps and gestures with agility and enthusiasm. He then proceeded to the National Museum (Nay Pyi Taw) to observe the basic education level (ages 15–20) boys' xylophone (Pattala) competition, where contestants performed individually with the song "Hteik Tin Ayekan (Wut Taw Theim)". Afterward, he visited the Won Zin Min Yaza Hall of the National Library to observe the basic education level (ages 15–20) boys' solo traditional Myanmar orchestra (Saing) competition, where contestants performed individually using the song "Kyauk Phwal Bpone Tan (Kyo)".

In the evening, the Vice-President attended the Marionette Troupe Amateur Level (Class-1) competition at the Cultural Treasure Hall of the Ministry of Culture, Hotels and Tourism, where the Taw Win Marionette Troupe representing Yangon Region performed the "Suvanna Sama" Jataka story with dances and dialogue highlighting Myanmar's traditional cultural heritage.

The 27th Myanmar Traditional Cultural Performing Arts Competition is being held under the objectives of upholding national prestige and integrity, preserving the cultural heritage and national characteristics of ethnic nationalities, fostering patriotic spirit and love for traditional culture among the new generation, discovering and promoting traditional arts for continuous development, and contributing through the power of cultural arts toward nation-building tasks, according to the news agency. MNA

# Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Systematic demolition continues on a 5-story building used for online gambling operations in Part-II of the Shwe Kokko area.



Before demolition.



Demolition using machinery.

**Nay Pyi Taw October 24**

The government has placed emphasis on combat against online scams and gambling as a national responsibility and systematically carried out total demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, 85 percent of demolition of a 5-storey illegal building out of those used in online scams and gambling and to be pulled down with the use of machinery in Shwe Kokko (Part-II) completed today while that of another 5-storey illegal building completed 45 percent so far.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were scheduled to be demolished with the use of machinery, four to be detonated and 34 to be manually knocked down floor by floor due to their proximity to residential buildings and systematic demolition works were being carried out, completing the denotation of four buildings and demolition of two building to be knocked down with the use of machinery. Plans were underway to systematically demolish the remaining 57 buildings.

In cooperation with neighboring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which has posed a threat to the global socio-economic arena and national security.

# Wetlet Township sees completion of growing more than 1,000 acres of black gram



Farmers are seen growing black gram in a field.

**Wetlet October 24**

Statistics of Wetlet Township Agriculture Department stated that local farmers have grown more than 1,000 acres of black gram as cold season crops in Wetlet Township of Sagaing Region this year.

During the 2026-2027 winter crop-growing season, Wetlet Township has set a target of cultivating 2,794 acres of black gram. Planting began in October this year, and 1,799 acres had been planted as of today, according to reports.

"We have set a target of cultivating more than 2,000 acres of black gram in Wetlet Township during this year's winter crop-growing season. More than 1,000 acres have been planted so far. We are making arrangements to ensure that the target acreage for black gram cultivation is achieved. During the planting season, we are also providing farmers with necessary technical assistance, quality seeds, and methods for preventing and controlling pests and diseases through field visits," said Daw Khin San, Head of the Wetlet Township Agriculture Department.

The Wetlet Township Agriculture Department is providing guidance to black gram growers on obtaining high-quality and pure seeds suitable for local conditions, adopting proper cultivation methods, preventing pest infestations, applying chemical fertilizers systematically, and improving crop yields.

During this year's winter crop-growing season, the respective township agriculture departments are also working in cooperation with farmers cultivating various pulses to provide quality seeds, agricultural inputs, and post-harvest technology training, among other forms of assistance, to improve crop yields and quality. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to grow more than 1,000 acres of garden pea in Homalin Township

**Homalin October 24**

According to the township Agriculture Department, local farmers decided to grow more than 1,000 acres of garden pea in Homalin Township of Sagaing Region this year.

During the 2026-2027 winter crop-growing season, Homalin Township has set a target of cultivating 1,502 acres of garden peas. Cultivation is scheduled to begin in the fourth week of October this year and continue through December, according to reports.

"We have set a target of cultivating more than 1,000 acres of garden peas in Homalin Township during this year's winter crop-growing season. We will make arrangements to ensure that the target acreage is achieved. Pulse cultivation has been increasing year by year. We will provide farmers with guidance on expanding pulse cultivation and using high-quality, pure seeds to improve crop yields," said Daw Su Su Htwe, Head of the Homalin Township Agriculture Department.

This year, the Homalin Township Agriculture Department will provide garden pea growers with guidance on obtaining high-quality and pure seeds suitable for local conditions, adopting proper cultivation methods, preventing pest infestations, applying chemical fertilizers systematically, and improving crop yields.

During this year's winter crop-growing season, efforts are also being made in cooperation with farmers cultivating various pulses to provide high-quality, pure seeds, agricultural inputs and post-harvest technology training, among other forms of assistance, to improve crop yields and quality.

206

# More than 5,000 acres of vegetables planted in KhinU Township

**KhinU October 24**

Local farmers have planted more than 5,000 acres of vegetables in KhinU Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 winter crop-growing season, KhinU Township has set a target of cultivating 9,947 acres of vegetables. Planting began in October this year, and 5,055 acres had been planted as of today, according to reports.

"We have set a target of cultivating more than 9,000 acres of vegetables in KhinU Township during this year's winter crop-growing season. More than 5,000 acres have been planted so far. The crops include mustard, chili, herbs and spices, potatoes, cabbage, eggplant and cauliflower. We are providing farmers with technical assistance to ensure that all vegetables are cultivated in accordance with Good Agricultural Practices (GAP). We are also providing technical guidance on growing all vegetables in a health-conscious manner while minimizing chemical residues," said U Nay Win Naing, Head of the KhinU Township Agriculture Department.

This year, the KhinU Township Agriculture Department has been providing vegetable growers with technical training on GAP cultivation methods and guidance on producing healthy vegetables. It is also taking measures to encourage farmers to expand their vegetable cultivation areas.

A variety of seasonal vegetables are cultivated annually in KhinU Township. These crops grow successfully and provide income for farming families. The Township Agriculture Department is also raising farmers' awareness of proper cultivation techniques, pest prevention and control, and the preparation and use of organic fertilizers, natural pesticides and pest repellents.

206

# Katha District to cultivate more than 5,000 acres of rice bean this year

**Katha October 24**

According to Katha District Agriculture Department, local authorities earmarked cultivation of more than 5,000 acres of rice bean in Katha District of Sagaing Region this year.

During the 2026-2027 winter crop-growing season, Katha District has set township-wise cultivation targets for rice bean totaling 5,811 acres, comprising 103 acres in Katha Township, 10 acres in Indaw Township and 5,698 acres in Htigyaing Township. Cultivation is scheduled to begin in the fourth week of October this year and continue through December, and preparations are underway to ensure that planting proceeds as planned, according to reports.

"We have set a target of cultivating more than 5,000 acres of rice bean in Katha District during this year's winter crop-growing season. We will make arrangements to ensure that the target acreage is achieved. In cooperation with farmers, we will provide necessary quality seeds, agricultural inputs and post-harvest technology training, among other forms of assistance, to improve pulse yields and quality," said Daw Khin Myat Myat Oo, Head of the Katha District Agriculture Department.

The respective township agriculture departments in Katha District will conduct awareness-raising activities to encourage rice bean growers to expand their cultivated areas, improve yields, adopt Good Agricultural Practices (GAP), use high-quality and pure seeds, and grow high-yielding varieties.

Crops cultivated in accordance with GAP produce better-quality yields than those grown using other methods, can command higher prices, and meet quality standards suitable for sale in both domestic and international markets. Therefore, farmers who adopt these practices can improve their livelihoods and economic benefits.

206

# နယူးဇီလန်က အမေရိကန်ထံမှ MH-60R Seahawk ရေတပ်သုံးတိုက်ခိုက်ရေးရဟတ်ယာဉ်များဝယ်ယူရန် လက်မှတ်ရေးထိုး



နယူးဇီလန်နိုင်ငံသည် ရေတပ်၏ ရေကြောင်းစစ်ဆင်ရေး စွမ်းရည်နှင့် ပင်လယ်ပြင် စောင့်ကြည့်ထောက်လှမ်း နိုင်စွမ်းတို့ကို မြှင့်တင်ရန်အတွက် အမေရိကန်နိုင်ငံထံမှ MH-60R Seahawk ရေတပ်သုံးတိုက်ခိုက်ရေးရဟတ်ယာဉ်များ ဝယ်ယူရန် လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဝယ်ယူရေးအစီအစဉ်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၀၉ ဒသမ ၉ သန်းခန့်ရှိပြီး ရဟတ်ယာဉ်များ အပြင် လက်နက်စနစ်များ၊ အပိုပစ္စည်းများ နှင့် အထောက်အကူပြုပစ္စည်းများလည်း ပါဝင်သည်။

အမေရိကန်အစိုးရက အဆိုပါရောင်း ချမှုကို ယခုနှစ်အစောပိုင်းတွင် အတည်ပြုခဲ့ပြီး ရဟတ်ယာဉ်များ စတင်ပေးပို့မှုကို ၂၀၃၀ ပြည့်နှစ်တွင် စတင်နိုင်ရန် မျှော်မှန်းထားသည်။

MH-60R Seahawk ရဟတ်ယာဉ် များသည် နယူးဇီလန်ကာကွယ်ရေးတပ်ဖွဲ့ တွင် လက်ရှိအသုံးပြုနေသော SH-2 Seasprite သင်္ဘောတင် ရဟတ်ယာဉ်များ နေရာတွင် အစားထိုးသွားမည်ဖြစ်သည်။ ၎င်းရဟတ်ယာဉ်များကို ဖရီးဂိတ်စစ် ရေယာဉ်များနှင့် ကင်းလှည့်ရေယာဉ်များ ပေါ်တွင် ပျံတက်ဆင်းသက်အသုံးပြုနိုင် မည်ဖြစ်ပြီး ပင်လယ်ပြင်စောင့်ကြည့် ထောက်လှမ်းရေး၊ ရေပြင်ပစ်မှတ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် တိုက်ခိုက်ခြင်း၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ ရှာဖွေကယ် ဆယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ် သည်။ ထို့ပြင် သောင်းကျန်းမှုတိုက်ဖျက် ရေးဆိုင်ရာ စစ်ဆင်ရေးများတွင်လည်း အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

MH-60R Seahawk ရဟတ်ယာဉ် သည် အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီ၏လက်အောက်ခံ Sikorsky ကုမ္ပဏီကထုတ်လုပ်သည့် ရေကြောင်း သုံးစစ်ဆင်ရေး ရဟတ်ယာဉ်ဖြစ်သည်။ ကိုယ်ထည်အရှည်မှာ မီတာ ၂၀ ခန့်၊ ပန်ကာအချင်းမှာ ၁၆ မီတာခန့်ရှိပြီး ဝန်တင်ဆောင်နိုင်စွမ်းမှာ ကီလိုဂရမ် ၁၅၀၀ ခန့်ဖြစ်သည်။ အင်ဂျင်နှစ်လုံး တပ်ဆင်ထားပြီး အင်ဂျင်တစ်လုံးလျှင် မြင်းကောင်ရေ ၁၉၀၀ ခန့်ထုတ်ပေး နိုင်သော General Electric T700 အမျိုးအစားအင်ဂျင်များကို အသုံး ပြုထားသည်။

အမြင့်ဆုံး ပျံသန်းနှုန်းမှာ တစ်နာရီ လျှင် ၃၃၃ ကီလိုမီတာခန့်ရှိပြီး လုပ်ငန်း ဆောင်ရွက်နိုင်သည့် အကွာအဝေးမှာ ရေကြောင်းမိုင် ၅၂၀ ခန့်ထိရှိသည်။ အမြင့် ပေ ၁၉၀၀၀ ခန့်ထိပျံသန်းနိုင်ပြီး အပေါ့စား တော်ပီဒိုများ၊ ပဲ့ထိန်းဗုံးများ၊ ရေပြင် ပစ်မှတ်တိုက်ဖျက်ရေး ဒုံးကျည်များနှင့် လေယာဉ်ပေါ်မှ ပစ်ခတ်အသုံးပြုနိုင်သည့် စက်သေနတ်များ တပ်ဆင်အသုံးပြုနိုင် ကြောင်း သိရသည်။

MH-60R Seahawk ရဟတ်ယာဉ်၏ အဓိကအားသာချက်မှာ ရေကြောင်း ပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်း၊ ရေငုပ်သင်္ဘောများကို ရှာဖွေတိုက်ခိုက် ခြင်းနှင့် ရေပြင်ပေါ်ရှိ ရန်သူ့စစ်ရေယာဉ် များကို တိုက်ခိုက်ခြင်းတို့ကို ရဟတ်ယာဉ် တစ်မျိုးတည်းဖြင့် ပေါင်းစပ်ဆောင်ရွက် နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ရေတပ် စစ်ရေယာဉ်များ၏ ကိုယ်ပိုင်အာရုံခံ ကိရိယာများနှင့် တိုက်ခိုက်ရေးစွမ်းရည် များကို ဖြည့်ဆည်းပေးသည့်အပြင် ပင်လယ်ပြင်အတွင်း ပိုမိုကျယ်ပြန့်သော ဧရိယာကို စောင့်ကြည့်နိုင်ရန်လည်း အထောက်အကူပြုသည်။

နယူးဇီလန်၏ MH-60R Seahawk ရဟတ်ယာဉ် ဝယ်ယူရေးအစီအစဉ်သည် ရဟတ်ယာဉ်အဟောင်းများ အစားထိုး ရေးသာမက ရေတပ်၏ ခေတ်မီတိုက်ခိုက် ရေးစွမ်းရည်ကို ရေရှည်တိုးမြှင့်ရန် ရည်ရွယ်သည့် ကာကွယ်ရေးရင်းနှီးမြှုပ်နှံ မှုတစ်ရပ်လည်းဖြစ်သည်။ အထူးသဖြင့် အင်ဒို-ပစိဖိတ်ဒေသအတွင်း ပင်လယ် ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းများ၊ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်နှင့် ပင်လယ်ပြင် လုံခြုံရေးတို့အတွက် အရေးပါလာသည့်အချိန်တွင် ရေတပ်စစ် ရေယာဉ်များနှင့်အတူ လုပ်ငန်းဆောင် ရွက်နိုင်သည့် ခေတ်မီရဟတ်ယာဉ်များ ပိုင်ဆိုင်ထားခြင်းသည် နယူးဇီလန်၏ ရေကြောင်းကာကွယ်ရေးအတွက် အကျိုး ရှိစေမည်ဖြစ်ကြောင်း သိရသည်။

New Zealand Buys Four MH-60R Seahawk Helicopters From US ကို ဘာသာပြန်ဆိုထားပါသည်။

# ဗြိတိန်နိုင်ငံမှ Stratonex ကုမ္ပဏီက VARAN မော်ဂျူလာစနစ်သုံး မြေပြင်သွားမောင်းသူမဲ့ယာဉ်ကို မိတ်ဆက်

ဗြိတိန်နိုင်ငံအခြေစိုက် ကာကွယ်ရေး နည်းပညာကုမ္ပဏီ Stratonex သည် ရှေ့တန်းတပ်ဖွဲ့များနှင့်အတူ လိုက်ပါ ဆောင်ရွက်ကာ ၎င်းတို့၏ လုပ်ငန်းဆောင် ရွက်နိုင်စွမ်းကို အထောက်အကူပြုရန် VARAN မော်ဂျူလာစနစ်သုံး မြေပြင် သွားမောင်းသူမဲ့ယာဉ်ကို မိတ်ဆက်ခဲ့ ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၁၉ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

အဆိုပါယာဉ်သည် လုပ်ငန်းတာဝန် အလိုက် ပစ္စည်းကိရိယာနှင့် ဝန်တင်စနစ် များကိုအစားထိုးတပ်ဆင်ခြင်းအပြင် ဂြိုဟ်တုအခြေပြု လမ်းညွှန်စနစ်များ မရရှိသည့် အခြေအနေ၌လည်း သွားလာနိုင်သည်။

Stratonex ကုမ္ပဏီသည် ၎င်း၏လူမှု ကွန်ရက် စာမျက်နှာများနှင့် တရားဝင် ဝက်ဘ်ဆိုက်မှတစ်ဆင့် အဆိုပါယာဉ်ကို မိတ်ဆက်ခဲ့ပြီး ဝန်တင်ကိရိယာအမျိုး အစားအပေါ် ကန့်သတ်ချက်နည်းပါးသည့် မောင်းသူမဲ့ မြေပြင်သွားယာဉ်တစ်ခု အဖြစ် ဖော်ပြထားသည်။ ၎င်းယာဉ်ကို ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ တပ်ဖွဲ့ကာကွယ်ရေး၊ အီလက်ထရွန်နစ် စစ်ဆင်ရေးနှင့် ဒရုန်းတန်ပြန်ရေး စသည့် လုပ်ငန်းတာဝန်များအတွက် လိုအပ်သလို ပြင်ဆင်တပ်ဆင်အသုံးပြုနိုင်သည်။

Stratonex ကုမ္ပဏီ၏ ဖော်ပြချက် အရ VARAN မြေပြင်သွားမောင်းသူမဲ့ယာဉ် သည် အလိုအလျောက်သွားလာရေးစနစ် နှင့် အချက်ပြလှိုင်းထုတ်လွှတ်မှုမလိုသော သုံးဖက်မြင်အာရုံခံစနစ်ကို အသုံးပြု၍ ကြမ်းတမ်းသော မြေပြင်အနေအထားများ ၌ သွားလာနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ အထူးသဖြင့် GPS နှင့် အခြားဂြိုဟ်တု လမ်းညွှန်အချက်ပြမှုများကို လှိုင်းနှောင့် ယှက်ခံရသည့်အခါ သို့မဟုတ် လုံးဝမရရှိ သည့်အခါမျိုးတွင်လည်း တာဝန်များကို ဆောင်ရွက်နိုင်သည်။

သုံးဖက်မြင် အာရုံခံစနစ်ဆိုသည်မှာ ပတ်ဝန်းကျင်ကိုသိရှိနိုင်ရန် ရေဒါ သို့မဟုတ် လေဆာအခြေပြု အာရုံခံစနစ် များကဲ့သို့ အချက်ပြလှိုင်းများကို ကိုယ်တိုင် ထုတ်လွှတ်ခြင်းမပြုဘဲ ပြင်ပမှရရှိသော အချက်အလက်များကို အသုံးပြုသည့် နည်းလမ်းဖြစ်သည်။

VARAN မြေပြင်သွားမောင်းသူမဲ့ ယာဉ်ကိုအသုံးပြုခြင်းဖြင့် ရှေ့တန်းတပ်ဖွဲ့ များသည် အန္တရာယ်ရှိသောဒေသများ၌ ပိုမိုဝေးလံသည့်နေရာတွင် တာဝန်များ ဆောင်ရွက်နိုင်ပြီး လိုအပ်သောပစ္စည်း ကိရိယာများကို ပိုမိုသယ်ဆောင်နိုင်မည် ဟုမျှော်မှန်းထားသည်။ ကင်းထောက်ရေး အထောက်အကူပြုလုပ်ငန်းများမှ ဒရုန်း တန်ပြန်ရေးနှင့် အလျင်အမြန်ဖြန့်ကြက် ဆောင်ရွက်ရသည့်တာဝန်များထိ အသုံး ချနိုင်သည်။



Stratonex ကုမ္ပဏီသည် VARAN မြေပြင်သွားမောင်းသူမဲ့ယာဉ်ကို တာဝန် အလိုက် ပြင်ဆင်တပ်ဆင်နိုင်မှု၊ အခြား စနစ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်မှုတို့ အပေါ်အခြေခံထားခြင်းကြောင့် ယာဉ် တွင် မည်သည့်စွမ်းဆောင်ရည်များ ထပ်မံ ထည့်သွင်းသင့်ကြောင်း လက်ရှိအသုံးပြု သူများထံမှ အကြံပြုချက်များကိုလည်း တောင်းခံထားသည်။ လက်ရှိတွင် Stratonex ကုမ္ပဏီက VARAN မြေပြင်သွား မောင်းသူမဲ့ယာဉ်ကို ဖွံ့ဖြိုးတိုးတက် လုပ်ဆောင်ဆဲ ပလက်ဖောင်းတစ်ခုအဖြစ် တင်ပြထားကြောင်း သိရသည်။

British startup develos modular ground drone for front line ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၀၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၀၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၉၉၄၇ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၀၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံများဖြစ်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ်တွင် ကြက်သွန်နီများ ဝယ်လိုအားကောင်းပြီးအရောင်းအဝယ်ကောင်းမွန်နေ

**ကြံခင်း အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းခရိုင် ကြံခင်းမြို့နယ်တွင် ကြက်သွန်နီများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ကြက်သွန်နီများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေကို ဒေသဈေးကွက်အပြင် အခြားဒေသ ဈေးကွက်တွေကပါ ဝယ်ယူတာ များနေပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ကြက်သွန်နီတွေက လတ်ဆတ်ပြီး အရည်အသွေး ကောင်းမွန်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ တောင်သူတွေနဲ့ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အဆင်ပြေလာတာကို တွေ့ရပါတယ်" ဟု ကြံခင်းမြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။



ကြံခင်းမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်သွန်နီများ တစ်ပိဿာလျှင်ငွေကျပ် ၄၀၀၀၊ ၅၅၀၀ နှင့် ၇၀၀၀ တို့ဖြင့် လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း ကြံခင်းမြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မင်းဘူးမြို့နယ် ကျွဲတဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာကျေးရွာအုပ်စု ကျွဲတဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျွဲတဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ကလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၉၀ စုစုပေါင်းငွေကျပ်သိန်း ၂၄၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။

ဇင်မာ




လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဇီးကုန်းမြို့နယ် သစ်ဖြူကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နတ်တလင်း အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်ဖြူကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ်သန်း ၄၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သစ်ဖြူကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၃၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ကိုးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

ကိုညို


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ
















နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပသည်။

ယနေ့တွင် "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး"တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ရှိ မြခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အနာဂတ်ပန်း" ညွန့်ဝင်း+အေဝမ်းတင်တင်လှ သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လှပတဲ့အနာဂတ်ဆီသို့"မေဆွိသီချင်းဖြင့်လည်းကောင်း မျိုးချစ်စိတ်ဓာတ်၊အမျိုးဂုဏ်၊ဇာတိဂုဏ်တို့ကို နိုးကြားရှင်သန်စေပြီး နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးတန်ဖိုးထားစိတ်များ ပိုမိုခိုင်မာလာစေနိုင်သည့် သီဆိုဟန်များဖြင့် စိတ်အားထက်သန်စွာ ယှဉ်ပြိုင်သီဆိုကြသည်။










"ကဗျာလွတ်" အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာခံစားချက်တို့ကို ပေါင်းစပ်တင်ဆက်ကာ မိမိတို့၏ အကပညာစွမ်းရည်ကိုပြသ၍လည်းကောင်း၊ "ကချင်တိုင်းရင်းသားရိုးရာအက"အလွတ်တန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အကလှုပ်ရှားမှုများမှတစ်ဆင့် ကချင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် စုပေါင်းညီညွတ်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေသည့် ရိုးရာအကပညာ၏ အနှစ်သာရကို ပေါ်လွင်အောင်ပြသ၍လည်းကောင်း ယှဉ်ပြိုင်ကပြကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဆောင်းဦးဟေမန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသား၊အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မွေးမေမေ"ခေါင်းစဉ်ဖြင့်လည်းကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူး ယှဉ်ပြိုင်ကြသည်။

"စောင်း"အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှန်းရွှင်မြ"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝိဇ္ဇာတောလား"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း စောင်းအတီးပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်ပြသ၍ သံစဉ်အတက်အကျနှင့် အနိမ့်အမြင့်တို့ကို စည်းချက်ညီညီ ပေါင်းစပ်ဖော်ကျူးကာ မိမိတို့၏အနုပညာစွမ်းရည်နှင့် တီးခတ်မှုပညာရပ်များကို ဖော်ထုတ်တင်ဆက်

# မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး ပြန်လည်ပြုပြင်မွမ်းမံ

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ ဂေါပကအဖွဲ့ဝင်များနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သာသနာ့မဟာဗိမာန်တော်ကြီးပြုပြင်မွမ်းမံမှုများဆောင်ရွက်ရာတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူခဲ့ပြီးဖြစ်၍ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ မူလပုံစံမပျက်ဘဲ ငလျင်ဒဏ်ရှစ်အဆင့် ခံနိုင်ရည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ရန်နှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံပြုပြင်ခြင်းဆိုင်ရာ SOP စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် မူလအလှူရှင်ဖြစ်သော ထူးဆောက်လုပ်ရေးဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ကပင် ပြုပြင်မှုများကို လှူဒါန်းခြင်းဖြစ်သောကြောင့် ကုသိုလ်တရားပွားများရပါကြောင်း ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုကို ထူးဆောက်လုပ်ရေး ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်က ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွင်း အပြီးသတ်ဆောင်ရွက်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ရှေ့ဖုံးမှအဆက်**

ပြိုင်ပွဲဝင်အဖွဲ့များက ထိပ်တင်ဇော်(ဝတ်တော်သိမ်း)သီချင်းဖြင့် တစ်ဦးချင်းတီးခတ်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များက ကြောက်ဖွယ့်ဘုန်းတန်း(ကြိုး) သီချင်းဖြင့် တစ်ဦးချင်းတီးခတ်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုတော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေးဦးတည်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

ယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးတစ်ဦးချင်းအတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြောက်ဖွယ့်ဘုန်းတန်း"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တာသစ်ကယ်လေကူး"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြမန်းဂီရိ" (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာဆိုင်းဝိုင်း၏ ထူးခြားလှသော သံစဉ်များ၊ စည်းချက်ဝါးချက် ညီညွတ်မှုတမှုနှင့် တီးခတ်မှုအနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ပြသကြသည်။

ပတ္တလားပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထိပ်တင်ဇော်" (ဝတ်တော်သိမ်း)သီချင်းဖြင့် ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

အိုးစည်အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်းမြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲကို နေပြည်တော် တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုန်းမိုးရွာစွေသွန်းဖျန်း" (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဝေဇယန်နှင့်နှုန်းငြား"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထန်းရွက်ပုတီး"(ကာလပေါ်)သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မယ်ဒလင်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အန္တရာယ်ကင်း" ဂီတာဦးစိမ်းမောင်သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မုန်ညောင်သဉ္ဇာ"ခင်ခင်ညွှန့်သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာဖြန်းမှ လန်းဆန်းမယ်" (ကာလပေါ်)သီချင်းဖြင့် လည်းကောင်း တီးခတ်မှုစွမ်းရည်နှင့် အနုပညာဖန်တီးနိုင်စွမ်းတို့ကို အစွမ်းကုန်ပြသယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုတော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲ တွင် "ဝိဓုရ"ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ကောင်းစစ်ဟိန်းဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော အနုပညာပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍လည်းကောင်း၊ ဇာတ်ကောင်တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပီပြင်မှုတို့ဖြင့်လည်းကောင်း အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို မိမိတို့နိုင်ငံသူနိုင်ငံသားများအားလုံး၏ ရင်ထဲတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးစသည့် မူဝါဒရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်ကိုဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဒေသဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရမည်းသင်းမြို့ရှိ သီလဝခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ရမည်းသင်းခရိုင်၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေပြင်မှ တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မှန်ကန်တိကျမှုရှိရန် အထူးပင်အရေးကြီးကြောင်း၊ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေးနှင့် သီးနှံအထွက်နှုန်းစာရင်းများကို မြေပြင်အခြေအနေမှန်အတိုင်း တိကျမှန်ကန်စွာကောက်ယူတင်ပြရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည်တို့ကို စနစ်တကျဆောင်ရွက်၍ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ကေတိုးချဲ့ခြင်းမှာ မူဝါဒမဟုတ်ဘဲ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးမှာ မူဝါဒဖြစ်သဖြင့် အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း ရမည်းသင်းခရိုင်တွင် စပျစ်စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတွင် သီးထပ်များစိုက်ပျိုးသွားရန်နှင့် အနည်းဆုံး နှစ်သီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်ပြီး ပို့ကုန်များ တိုးတက်လာစေရေးအတွက် မြေများကို စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ၌ အကျိုးရှိရှိအသုံးချရန်၊ စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသတွင်း ဖူလုံမှုရှိအောင်ဦးစွာဆောင်ရွက်ပြီးပါက ပိုလျှံလျှင် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်ရရှိရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေသည့်ဒေသများနှင့် စက်ရုံများကို ချိတ်ဆက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးနိုင်ပြီး ကျေးလက်စီးပွားရေးလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို တိုးချဲ့မွေးမြူပြီး ကြက်သား၊ ကြက်ဥ၊ အေးခဲအသားများထုတ်လုပ်ခြင်းစသည့် MSME လုပ်ငန်းများကို စံပြဖြစ်အောင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နို့နှင့် နို့ဆီ၊ နို့စိမ်း နို့ထွက်ပစ္စည်းများ ပြည်တွင်းဖူလုံမှုရှိစေရေးအတွက် ရမည်းသင်းခရိုင်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဝါအခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရာတွင် ပြည်သူများ အသိပညာပေးခြင်းနှင့်စည်းရုံးလှုပ်ရှားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းများဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေလုံလောက်မှုရှိစေရန် စက်ရေတွင်းများတူးဖော်ခြင်း၊ရေကန်များအတွင်း ရေကြိုတင်ဖြည့်တင်းခြင်းလုပ်ငန်းများနှင့် ရေအရင်းအမြစ်ရေရှည်စီမံခန့်ခွဲမှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်းနှင့်အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များ၊ ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျနှင့် ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပေးနိုင်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကင်းတာကျေးရွာရှိ ဒေါက်တာမြတ်စံ၏ ဇီဝကမွေးမြူရေးခြံသို့ သွားရောက်၍ ဥစားကြက်အကောင် ၇၀၀၀၀ နှင့်နို့စားနွား ၁၀၃ ကောင်မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာနှင့် နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုပြီး ဒေသတွင်းစားနပ်ရိက္ခာဖူလုံ၍ ပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရေးနှင့် ဒေသထွက်ထုတ်ကုန်များကို အခြားဒေသများသို့ တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ ဒေသထွက် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာသုံးစွဲနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်သာယာရပ်ကွက်ရှိ ဦးဇော်ဇော်ဝင်း၏ မောနင်းစတား ဓာတ်မြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာ ထုတ်လုပ်သည့်လုပ်ငန်းသို့ သွားရောက်၍ သီးနှံအမျိုးအစားအလိုက် အသုံးပြုနိုင်သည့် ဓာတ်မြေဩဇာအဆင့်ဆင့်ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချရန် ပြင်ဆင်နေမှုအခြေအနေကိုလည်းကောင်း၊ ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ ဦးစောတင်ထွဋ်၏ ရွှေငါးပျော်ဘွယ်မုန့်ကြွပ်လုပ်ငန်းခွင်သို့သွားရောက်၍ မုန့်ကြွပ်လုပ်ငန်းထုတ်လုပ်ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် ဖြန့်ဖြူးရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်ကျေးရွာရှိ ဒေါ်လှလှနိုင်၏ တိုးပွားကြီး ဝါကြိတ်စက်လုပ်ငန်းသို့သွားရောက်၍ ဝါကြိတ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အင်ကြင်းကန်ကျေးရွာအုပ်စုရှိ ကတင်ကန် အမှတ် (၃)မြောင်းမှ ရေတိုးမြှင့်ပေးဝေနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကတင်ကန်ဆည်ရေသောက်ဧရိယာအတွင်း ထပ်မံတိုးမြှင့်စိုက်ပျိုးဆောင်ရွက်မည့်အခြေအနေများနှင့် ရမည်းသင်းခရိုင်အတွင်း ဆည်၊ကန်များမှ ရေရရှိရေးဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာရှိ တောင်သူဦးခင်မောင်ထွေး၏ မိုးစပါးမျိုးစေ့ထုတ်စံပြကွက်ကို သွားရောက်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ရာသီအလိုက် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မား၍ မိုးခေါင်ရေရှားခြင်းများဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရေးနှင့် ရေအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ရွာတန်းသဲကျွန်းကျေးရွာအုပ်စုရှိ ဒေါ်နွယ်နီထွန်း၏ စပျစ်ခြံလုပ်ငန်းနှင့် ဦးအုန်းမြင့်၏ Amber အမှတ်တံဆိပ် စပျစ်ဝိုင်ထုတ်လုပ်မှုလုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက အရည်အသွေးမီ မျိုးကောင်းမျိုးသန့်စပျစ်မျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ ဝိုင်ထုတ်ကုန်များကို one region one product ထုတ်ကုန်များအဖြစ် တိုးတက်အောင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ ထုတ်လုပ်မှုနည်းပညာနှင့် စံချိန်စံညွှန်းအဆင့်မြှင့်တင်ရေး၊ ပြည်တွင်း၊ ပြည်ပဈေးကွက် ချဲ့ထွင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊မြင်းနားကျေးရွာအုပ်စုရှိ တောင်သူ ဦးသိန်းအောင်၏ဝါစိုက်ခင်းသို့ရောက်ရှိစဉ် ဝါစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီစွာ စိုက်ပျိုးရေး၊ ဝါမျိုးစေ့ထုတ်လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ပြီး မျိုးကွဲများမရောနှောစေရေးနှင့် ဝါစိုက်တောင်သူများ ဈေးကွက်ခိုင်မာစေရန်နှင့် စက်ရုံများအတွက် အရည်အသွေးမီကုန်ကြမ်းရရှိစေရန် ပေါင်းစပ်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျီးနီကန်အတွင်းသို့ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် လုံလောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆည်တိုကျေးရွာရှိ ဒေါက်တာကျူခင်၏နွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကြည့်ရှု

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့တွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဒုတိယအကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကို အမျိုးသားကန်တော်ကြီးဥယျာဉ်ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက သီတင်းကျွတ် မီးထွန်းပွဲတော်ကာလကို အောက်တိုဘာ ၂၇ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဥယျာဉ်အတွင်းရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင်ခြင်း၊ဘုရားမီးပူဇော်ခြင်း၊ နိုင်ငံကျော်တေးသံရှင်များ ပါဝင်သည့် တေးဂီတဖျော်ဖြေရေးများဖြင့် နေ့စဉ်ညနေ့ခံဖျော်ဖြေပေးသွားမည့် အစီအစဉ်များ၊ မြန်မာ့ယဉ်ကျေးမှုဇာတ်သဘင်ဖျော်ဖြေမှုအစီအစဉ်များနှင့် လာရောက်လည်ပတ်ကြသူများ ပျော်ရွှင်စိတ်ချမ်းမြေ့စေရေးဆောင်ရွက်ထားရှိမှုများ၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာထပ်ဆင့်အကယ်ဒမီ ဦးငြိမ်းမင်းက သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညပိုင်းအထူးအစီအစဉ်တွင် ဂရပ်ဖစ်အထူးပြုလုပ်ချက်ဖြင့်ဖန်တီးပြသ၍ သဘင်အနုပညာရှင်များက ဆီမီးခွက်အကယိမ်းများ၊ နေရာတော်ခင်းယိမ်းများဖြင့် ကပြကြိုဆိုပူဇော်တင်ဆက်သွားမည့် ဗုဒ္ဓပူဇာမဟာသဘင်အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဥယျာဉ်အတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်



# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်များ၏ စတုတ္ထနေ့ ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ



# ပြင်ဦးလွင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖန်တီးအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၄**

ပြင်ဦးလွင်မြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ အစားအစာဖူလုံကာသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဟင်းသီးဟင်းရွက်များကို သင့်တင့်သည့်စျေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းစင်ပြီး လတ်ဆတ်သော အစားအစာများထုတ်လုပ်မှု မြင့်မားတိုးတက်လာစေရေးတို့အတွက် ပြင်ဦးလွင်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖန်တီးအကောင်အထည်ဖော်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းရာတွင် ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ခြံပိုင်ရှင်ဦးမင်းသူ၏ နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားများမွေးမြူထားရှိမှုနှင့် နွားစာနေပီယာမြက်များစိုက်ပျိုးထားရှိမှု၊ တောင်သူဦးမိုးသက်ဆွေ၏ပဲပုပ်နှင့် ကုလားပဲသီးနှံစိုက်ပျိုးထားမှု၊ ခြံပိုင်ရှင် ဦးကျော်သူထွန်း၏ နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားများမွေးမြူထားရှိမှု၊ ဦးမင်းဖ၏ ဝက်မွေးမြူရေးခြံတွင် ဝက်များမွေးမြူထားရှိမှု၊ လက်ပံကုန်းအုပ်စု၊ နောင်ဝယ်ကျေးရွာရှိ ဒေါ်အေးနွမ်းစံ၏ ကောင်းမြန်မာနို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားများမွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြား၍ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေး-ပြင်ဦးလွင် အဆင်းလမ်း မိုင်တိုင်အမှတ်(၂၃/၃) ဖာလုံမှ ဗဟိုမီးသတ်သင်တန်းကျောင်း ထိလမ်းပိုင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။

အလားတူ နံနက်ပိုင်းကလည်း မြန်မာသက္ကရာဇ် ၁၃၈၈ ခု သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မန္တလေးမြို့တွင် သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွှဲမီးထွန်းပွဲတော်ကို ပြည်သူလူထုနှင့်အတူ အေးချမ်းပျော်ရွှင်စွာဆင်နွှဲကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် အလှူရှင် ဒေါက်တာစောလင်း + ဒေါက်တာကြူကြူအေးတို့က အလှူငွေကျပ် သိန်း ၅၀၀ ကို



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူတို့ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**




**❑ ဂီတဖျော်ဖြေပွဲမှ**

ည ၁၀ နာရီထိ ရောင်းချပြသသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များနှင့် MSME လုပ်ငန်းရှင်များအပြင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ UMFCCI အသင်းချုပ်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပါဝင်ကြပြီး ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရန် စာအုပ်အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများနှင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြခန်းများအပါအဝင်စုစုပေါင်း ဆိုင်ခန်း ၆၂၈ ခန်းကျော်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိကာ ပွဲတော်ရက်များအတွင်း အလှူရှင်များက နေ့စဉ်စတုဒိသာ ကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်နှင့်ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ကာ ပွဲတော်လာပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် အကြိုအပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိပြီး အလှပန်းခင်းများ၊ အလှမီးများနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်မည်ဖြစ်၍ မည်သူမဆိုပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ပွဲတော်ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME စျေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီးလျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်၊ စက်မှုဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များက ဖျော်ဖြေတင်ဆက်ကပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စျေးဆိုင်ခန်းများ၊ ပြခန်းများကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ၃၈ နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် ပြည်လမ်း(အရှေ့)ရပ်ကွက် မဟာဓမ္မရုံသိမ်တော်ရာ စေတီတော်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လက်ဖက်ရည်နှင့် မုန့်များ ပေးအပ်ကြသည်။

ထို့ပြင် ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် သိမ်ဖြူတင်းနစ်ကွင်းတွင်ကျင်းပရာ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယကက တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါပြိုင်ပွဲကို အားကစားသမား ဦးရေ ၄၀၀ ဖြင့် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

**✱ ဂုဏ်ပြုကြိုဆိုမှ**

ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်၊ ဗုံပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## လူမှုရေးပင်စင်အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများကို ခြောက်လစာ ထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များက နိုင်ငံသားအသိအမှတ်ပြုကတ်(မူရင်း) ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုး ခံစားခွင့်ရှိသူများက ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ ကရင်(၀၉-၇၇၅၄၄၂၇၄၂)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း (၀၉-၄၃၁၇၂၅၀၆)၊ တနင်္သာရီ(၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော်(၀၉-၂၅၁၀၇၉၄၉၆)၊ ပဲခူး(၀၉-၅၀၃၇၃၄၄)၊ မကွေး(၀၉-၂၅၁၃၁၅၁၃၅)၊ မန္တလေး(၀၉-၇၉၇၄၂၁၄၂၂)၊ မွန်(၀၉-၂၆၀၇၄၃၉၁၃)၊ ရခိုင်(၀၉-၄၂၁၇၆၈၄၅၄)၊ ရန်ကုန်(၀၉-၄၀၂၈၁၀၅၀၆)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**❍ အားကောင်းသောလေဖိအားနည်းရပ်ဝန်းမှ**

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထို့မှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၅ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းသို့ရောက်ရှိနိုင်ပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင်ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း-အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးတို့သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၂၄

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊မန္တလေး) တို့၏ ၁၃၇၈-၁၃၇၉ (၂၀၁၆-၂၀၁၇) ပညာသင်နှစ်အတွက် သာသနတက္ကသီလ ဓမ္မာစရိယတန်း(ပထမနှစ်)သို့တက်ရောက်လိုပါက အစိုးရ ပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သက္യသီဟ စာသင်တန်းတစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်ပြီး သာသနတက္ကသီလမဟာဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုပါက သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ သက္യသီဟ ဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ အောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်သည်။

ဖြေဆိုကြရမည်

သာသနတက္ကသီလဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုဒ်ဆာ၊ အဘိဓမ္မာဆိုင်ရာ(၅)ပုဒ်ဆာ မေးခွန်းလွှာတစ်ခုနှင့် ပါဠိဆိုင်ရာ(၅)ပုဒ်ဆာ၊ အထွေထွေဗဟုသုတ(၅)ပုဒ်ဆာ မေးခွန်းလွှာ တစ်ခု စုစုပေါင်း မေးခွန်းလွှာနှစ်ခုကို နှစ်ရက် ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ ဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အဋ္ဌယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ) အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုဒ်ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် (၁၀)ပုဒ်ဆာ ဖြေဆိုရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် ဗုဒ္ဓဟူးနေ့မှ (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် သောကြာနေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈) နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃၀)မှ ဗိုလ်လောင်းများ ဖူးမြော်ကြည်ညိုကြစဉ်။



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃၀)မှ ဗိုလ်လောင်းများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂါရဝပြုအလေးပြုကြစဉ်။

☆ ကျောဖုံးမှအဆက်

မိမိတို့နိုင်ငံလူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဂုဏ်ယူတတ်စေရန်နှင့် ဒေသန္တရဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃၀)မှ ဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများလိုက်ပါ၍ အောက်တိုဘာ ၂၃ ရက်မှ ယနေ့ထိ နေပြည်တော်ကောင်စီနယ်မြေအထင်ကရနေရာများသို့ သွားရောက်လေ့လာကြကာ တန်ခိုးကြီးဘုရားစေတီတော်များကို လေ့လာဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဗိုလ်လောင်းများသည် အောက်တိုဘာ ၂၃ ရက်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြပြီး ဗိုလ်လောင်းများက နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့ပြင် ဆင်ဖြူတော်ဆောင်သို့ သွားရောက်၍ ရတနာဆင်ဖြူတော်များကို ဆင်စာများကျွေးကာ ကုသိုလ်ယူကြသည်။ ထို့နောက် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားစွာ အသက်ကိုပင်ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံးတုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကိုပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ဗည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သော သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်လေ့လာဂါရဝပြုခဲ့ကြသည်။ ထို့နောက် နက္ခတ်တာရာပြခန်း (နေပြည်တော်)သို့ သွားရောက်လည်ပတ် လေ့လာကြည့်ရှုကြသည်။

ဆက်လက်ပြီး တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်၍ မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ အစပြု၍ ခေတ်အဆက်ဆက် တပ်မတော်တွင် အသုံးပြုခဲ့သော စစ်ဝတ်တန်ဆာပလာ အသုံးအဆောင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ပြခန်းဆောင်များ၊ လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်း၊ ပြကွက်များအလိုက် ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက ဗိုလ်လောင်းများ၏ သိရှိလိုသည့်မေးမြန်းချက်များအပေါ် ရှင်းလင်းပြောကြားသည်။

အလားတူ ယနေ့တွင်လည်း ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်လေ့လာကြရာ ဂေါပကများနှင့် တာဝန်ရှိသူများက ဘုရားကြီး၏ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး ဗိုလ်လောင်းများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ဗိုလ်လောင်းများက နဝကမ္မ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ဗုဒ္ဓဂယာ(နေပြည်တော်)၊ သံဝေဇနိယ လေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များကို သွားရောက်လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှ အောက်တိုဘာ ၂၁ ရက်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၀၁၅ သန်းတန်ဖိုး ကုန်သွယ်ခဲ့

မြစ်ကြီးနား အောက်တိုဘာ ၂၄

ကချင်ပြည်နယ်အတွင်း နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီလမှ အောက်တိုဘာ ၂၁ ရက်ထိ သွင်းကုန်၊ ပို့ကုန် ယာဉ် ၃၇၀၇ စီး၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၀၁၅ သန်းတန်ဖိုးထိ ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါစခန်းတွင် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့ ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ကရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများရရှိရေး၊ ဒေသတွင်း လူသုံးကုန်၊ စားသောက်ကုန်နှင့် တိရစ္ဆာန်အစာ စသည့်ကုန်ပစ္စည်းများပြတ်လပ်မှုမရှိစေရေး စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရန်၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြစ်စေရေး အလေးအနက်ထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ကုန်စစ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကုန်စစ်ဆေးရေးစခန်းအတွင်း၌ ရော်ဘာပို့ကုန်များ ကုန်စစ်ဆေးရေးစခန်းတာဝန်ခံနှင့် သက်ဆိုင်ရာဌာနများ၏ စစ်ဆေးဆောင်ရွက်နေမှု၊ ကုန်တင်ယာဉ်ရပ်နားကွင်းအတွင်း ကုန်တင်ယာဉ်များ စနစ်တကျရပ်နားစေပြီး စစ်ဆေးဆောင်ရွက်နေမှု၊ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအတွက် တည်ဆောက်ပေးထားသည့် နားနေဆောင်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်သွားလာမှု လွယ်ကူစေရေးနှင့် စနစ်တကျရှိစေရေးအတွက် စခန်းအဝင်၊အထွက် ပတ်လမ်းများကို သဲကျောက်လမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကုန်စည်ပို့ဆောင်နေသော မော်တော်ယာဉ်ကြီးများကို စခန်းမှ တစ်ဆင့် ဝါရှောင်ကျေးရွာ လမ်းခွဲနေရာထိ သွားလာနိုင်ရေး ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်သွားမည့် လမ်းအခြေအနေနှင့်



အဆိုပါစခန်းအနီးရှိ ယာယီတိမ်းရှောင်မိသားစုများကို နေရာချထားပေးသည့် ဆွတ်ကြိုင်ကျေးရွာပိုင် ပျံကျစျေး တည်ဆောက်သွားမည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

# ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် စာကြည့်တိုက်များ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဒေသခံပြည်သူများက ဘုရားရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများက ဘုရားစေတီများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်ရှိဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် စာကြည့်တိုက်များ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင်အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်းများ စသည့်သန့်ရှင်းရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မှော်ဘီမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခန်းမ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်ပတ်ဝန်းကျင် ကျေးရွာများရှိသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ သံဃာတော်ငါးပါး၊ သာသနာ့နွယ်ဝင်သီလရှင် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၄၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်ရှိ သဟပုညကာရီငွေတော်မမ္ဘာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဒေသခံပြည်သူ ၁၂၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှု ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကိုပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၉ ပေသာ ကျန်ရှိတော့သဖြင့် ၁၆ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

# အိန္ဒိယနိုင်ငံတွင်ကျင်းပသော အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးဘောလုံးအဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးပြည့်စုံလင်း မြန်မာ့တပ်မတော်ချစ်ကြည်ရေးဘောလုံးအဖွဲ့ကို နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



မြန်မာ့တပ်မတော်ချစ်ကြည်ရေးဘောလုံးအဖွဲ့ အိန္ဒိယနိုင်ငံရှိ အထင်ကရနေရာများသို့ ကြည့်ရှုလေ့လာပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန်အတွက် အိန္ဒိယနိုင်ငံတွင်ကျင်းပသော ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သိန်းနိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ဘောလုံးအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်လေဆိပ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးပြည့်စုံလင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

အဆိုပါ မြန်မာ့တပ်မတော်ချစ်ကြည်ရေးဘောလုံးအဖွဲ့တွင် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ဦးရေ ၃၀ လိုက်ပါသွားပြီး အိန္ဒိယတပ်မတော်မှ ဘောလုံးအသင်းများနှင့် အောက်တိုဘာ ၂၁ ရက်တွင် ပွဲစဉ်(၁)အဖြစ်လည်းကောင်း၊ ၂၃ ရက်တွင် ပွဲစဉ်(၂)အဖြစ်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့ပြင် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ဘောလုံးအဖွဲ့သည် အိန္ဒိယနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း အိန္ဒိယနိုင်ငံ Benguluru မြို့ရှိ Iskcon Temple၊ Nandroling Monastery၊ Mysore Palace နှင့် မြို့တွင်းရှိ အခြားအထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည်၊ ဗုံ၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့် လင်းခေးမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြန်မာထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ ခင်းကျင်းပြသ



**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာ ကျွန်း၌ကျင်းပရာ စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ ထောပတ်သီးနှင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပွဲတော်ကို စားသုံးမှုအရည်အသွေး ကောင်းမွန်ခြင်း၊ အာဟာရတန်ဖိုးမြင့်မားခြင်းတို့ကြောင့် မြန်မာ့ထောပတ်သီးကို ပြည်တွင်းစားသုံးမှု တိုးတက်လာရုံမျှမက ပြည်ပဈေးကွက်များတွင်ပါ နေရာယူလာနိုင်သည့် အလားအလာရှိသော ပို့ကုန်သီးနှံအဖြစ် တောင်သူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ပြည်ပတင်ပို့သူများကြား တိုက်ရိုက်ချိတ်ဆက်နိုင်သော လမ်းကြောင်းတစ်ခု ဖန်တီးပေးနိုင်ရန် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်ထိ သုံးရက်ကြာ ခင်းကျင်းပြသမည့် မြန်မာထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ တွင် ဆိုင်ခန်း ၇၅ ခန်း၌ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သော ထောပတ်သီးများ၊ ထောပတ်သီးအခြေခံစားသောက်ကုန်များနှင့် နည်းပညာပေးပြခန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသထားပြီး စိတ်ပါဝင်စားသူများ အနေဖြင့် အခမဲ့လေ့လာနိုင်ကြကြောင်း သိရသည်။

ဖွင့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့ကြား ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ

## “တရားသူကြီးများနှင့်တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်”သို့ နဝမအကြိမ်အဖြစ် သင်တန်းသားဦးရေ ၄၀ တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၂၄**

အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ် ပြည်နယ် ဘိုပါးမြို့ရှိအမျိုးသားတရားစီရင်ရေး အကယ်ဒမီ (National Judicial Academy–NJA) တွင် အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်ထိ နဝမအကြိမ်မြောက် ဖွင့်လှစ်မည့် “တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းအစီအစဉ်”သို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် တရားရုံးအဆင့်ဆင့်ရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ တရားရေးအရာရှိများပါဝင်သည့် သင်တန်းသား ဦးရေ ၄၀ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါသင်တန်း၌ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အိန္ဒိယနိုင်ငံ တရားစီရင်ရေးစနစ်၊ တရားသူကြီး ကျင့်ဝတ်၊ စီရင်ချက်ရေးသားခြင်း၊ တရားရုံးစီမံခန့်ခွဲမှု၊ သက်သေခံဥပဒေ၊ တရားမနှင့်ရာဇဝတ်မှုများ စစ်ဆေးစီရင်ရာတွင်မှုခင်းဆေးပညာ၊ သဘာဝပတ်ဝန်းကျင်နှင့်တောရိုင်းတိရစ္ဆာန်အကာအကွယ်ပေးရာတွင် တရားစီရင်ရေးကဏ္ဍ၊ အခြားသော နည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းခြင်း၊ ရာဇဝတ်မှုခင်းများစီမံခန့်ခွဲခြင်း၊ အီလက်ထရောနစ် နည်းလမ်းဖြင့် ကျူးလွန်သည့် ပြစ်မှုများနှင့် ဉာဏ်ရည်တုနည်းပညာနှင့် တရားစီရင်ရေးဆိုင်ရာ ကြီးကြပ်မှုတို့ကို လေ့လာသင်ယူခွင့်ရရှိကြမည့်အပြင် လေ့လာရေးခရီးအဖြစ် အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ တရားရုံးများ၊ ယဉ်ကျေးမှုပြတိုက်၊ တိုင်းရင်းသားများပြတိုက်၊ လေ့လှော်အသင်းနှင့် ယူနက်စကိုကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ပုထိုးတော်ကြီးတည်ရှိရာနေရာ ဘိုပါးဆန်းချီမြို့သို့လည်းကောင်း သွားရောက်လေ့လာခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ သင်တန်းအစီအစဉ်သည် ပြည်ထောင်စု တရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့ကြား ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများကို အိန္ဒိယနိုင်ငံသို့စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ စေလွှတ်ခြင်းဖြစ်ပြီး ယခု နဝမအကြိမ်မြောက် သင်တန်းအပါအဝင် စုစုပေါင်းသင်တန်းသား ဦးရေ ၃၆၀ စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ လေ့လာရေးသွားရောက်ခြင်းနှင့်

## ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ကြည့်ရှုအားပေး





**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ သြဝါဒခံယူရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၈)မှ ကျောင်းဆင်းမည့် ကျောင်းသား၊ ကျောင်းသူ ၁၈၁ ဦးတို့သည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် နေ့လယ်ပိုင်းတွင် အမျိုးသားပြတိုက်သို့သွားရောက်လေ့လာခဲ့သည်။ အလားတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ တွင် ကျင်းပလျက်ရှိသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ တေးသီချင်းပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဖလမ်းမြို့နှင့် နွားထိုးကြီးမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

**နေပြည်တော် အောက်တိုဘာ ၂၄**

ယနေ့ ညနေ ၄ နာရီ ၄၆ မိနစ် ၂၀ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ မြောက်ဘက် ၂၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖလမ်းမြို့၏ အနောက်မြောက်ဘက် ခြောက်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၆၁ ဒီဂရီ၊ အနက် ၉၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်နှင့် ညနေ ၄ နာရီ ၃၆ မိနစ် ၄၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (နွားထိုးကြီးမြို့၏ အနောက်မြောက်ဘက် ကိုးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၆ ဒီဂရီ၊ အနက် ၃၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တို့လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

■ **စနစ်တကျဖြိုချဖျက်ဆီးမှု**

တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့ထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံ စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

❖ **ဝင်ရောက်ယှဉ်ပြိုင်မှု**

စတင်တီထွင်ခဲ့သည့် ဟန်ဂေရီနိုင်ငံ၊ ကမ္ဘာ့တက်ဂ်ဘောအားကစားတွင် ထိပ်သီးနိုင်ငံများဖြစ်သည့် ရိုမေးနီးယား၊ ပိုလန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့အပြင် အာရှဒေသ၏ ကမ္ဘာ့ထိပ်သီး ထိုင်း၊ အီရတ်၊ ကူဝိတ်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့အပါအဝင် နိုင်ငံများမှ ထိပ်တန်းကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယနေ့ ပထမပြိုင်ပွဲအဖြစ် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၂၅ မိနစ်တွင် မြန်မာအသင်းမှ အားကစားသမားများဖြစ်ကြသည့် ဆုမွန်အောင်(သားသား)က ယူကရိန်းအားကစားသမားနှင့် လည်းကောင်း၊ ဖြူဖြူသန်း(သန်းသန်း)က ဘရာဇီး အားကစားသမားနှင့်လည်းကောင်း၊ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ခင်နှင်းဝေ(အာနိုး)က ထိုင်းကစားသမားနှင့်လည်းကောင်း စတင်ယှဉ်ပြိုင်ခဲ့သည်။

ဆက်လက်၍ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဆုမွန်အောင်(သားသား)က ချက်နိုင်ငံ အားကစားသမားနှင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဖြူဖြူသန်း(သန်းသန်း)က အီရတ် အားကစားသမားနှင့် လည်းကောင်း၊ ခင်နှင်းဝေ(အာနိုး)က ရုရှားနိုင်ငံမှ အားကစားသမားနှင့် လည်းကောင်း ဒုတိယပွဲစဉ် ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း ဒုတိယပြိုင်ပွဲ ပွဲစဉ်အဖြစ် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ဆုမွန်အောင်(သားသား)က ရိုမေးနီးယား အားကစားသမားနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ခင်နှင်းဝေ(အာနိုး)က ဂျပန်အားကစားသမားနှင့်လည်းကောင်း၊ ဖြူဖြူသန်း (သန်းသန်း)က ပြင်သစ်အားကစားသမားနှင့်လည်းကောင်း၊ ခင်နှင်းဝေ (အာနိုး)က ရုရှားအားကစားသမားနှင့် လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ့တက်ဂ်ဘော လက်ရွေးစင်အသင်းအနေဖြင့် Teqball Tour Si Racha 2026 ပြိုင်ပွဲသည် FITEQ Teqball Tour ပြိုင်ပွဲကြီးဖြစ်၍ World Ranking မြင့်သည့် ကမ္ဘာ့ထိပ်သီးနိုင်ငံများမှ အားကစားသမားများနှင့် ရင်ဆိုင်ပြီး ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်ကောင်းများရရှိအောင် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ **ရှမ်းယူနိုက်တက်မှ**

ဖိလစ်ပိုင်ကလပ် မနီလာဒစ်ဂါအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အနိုင်ရရှိမည့်အသင်းအနေဖြင့် ရှုံးထွက်အဆင့်တက်ရောက်နိုင်ရန် အလားအလာကောင်းများ ပိုင်ဆိုင်နိုင်မည်ဖြစ်သည့်အတွက် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် ၂၉ မိနစ်တွင် Bruycken၊ ပွဲချိန် ၃၁ မိနစ်တွင် Ceesay၊ ပွဲချိန် ၈၇ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို လေးမိနစ်တွင် Godwin တို့က မနီလာဒစ်ဂါအသင်းအတွက် ဂိုးများ သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

AFC Challenge League ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် မနီလာဒစ်ဂါအသင်းကိုရှုံးနိမ့်ခဲ့သော်လည်း တစ်အုပ်စုတည်းပွဲစဉ်ဖြစ်သည့် ဟန်ယွမ်အသင်းအနေဖြင့် ကာဆူကာ အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် မနီလာဒစ်ဂါအသင်းက ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ရှမ်းယူနိုက်တက်အသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ ကာဆူကာအသင်းက သုံးမှတ်ဖြင့် တတိယ၊ ဟန်ယွမ်အသင်းက နှစ်မှတ်ဖြင့် စတုတ္ထနေရာတွင်ရပ်တည်ခဲ့ကြသည့်အတွက် မနီလာဒစ်ဂါအသင်းနှင့်အတူ ရှမ်းယူနိုက်တက်အသင်းကလည်း အုပ်စုဒုတိယအဖြစ် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ STA

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးတိမ်တောင်များကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# တိုင်းပြည်ကောင်းကျိုးသယ်ပိုးရှင်သန် လူငယ်တို့အားမာန်

**အာကာမောင်မောင်**

နေ့စဉ်ထုတ်သတင်းစာများမှ တိုင်းကျိုးပြည်ပြု သတင်းများကို စဉ်ဆက်မပြတ်ဖတ်ရှုလျက်ရှိရာ စက်တင်ဘာ ၁၉ ရက်ထုတ် သတင်းစာများတွင် **"သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်"**ဟူသော သတင်းကို တွေ့မြင်ကြားသိလိုက်ရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၅)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အလားတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်းတာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်လျက်ရှိသူကို ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်ထိလျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်းတာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်လျက်ရှိသူကို ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံထိ လျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်ပုံစံ(၁၂)ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားများကို စက်တင်ဘာ ၁၈ ရက်က တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာထမ်းဆောင်ပြီးမြောက်ခဲ့သည့်ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များတက်ရောက်ကြခဲ့သည်။

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီသည် သူ့အချိန်အခါနှင့်သူ လည်ပတ်လျက်ရှိသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့်ပြည်သူ့စစ်မှုထမ်းတို့မှာ ယခုအခါ ပုံမှန်လည်ပတ်လျက်ရှိနေပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁)မှစတင်ခဲ့သည်မှာ ယခုအခါ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၉)ထိ ဖွင့်လှစ်ခဲ့ပြီဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲကို ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်မှုမှာ ရာသီစက်ဝန်းလည်ပတ်နေသကဲ့သို့ ယခုအခါ ပုံမှန်လည်ပတ်လျက်ရှိနေပြီဖြစ်သည်။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်၍ မိမိတို့၏နေရပ်ဒေသများသို့ ပြန်လည်ရောက်ရှိသူများကိုလည်း မိဘဆွေမျိုးများနှင့်ပြည်သူများက လှိုက်လှိုက်လှဲလှဲကြိုဆိုဂုဏ်ပြုကြသည့် မြင်ကွင်းများကို မြင်တွေ့ရသည်မှာလည်း တစ်ချိန်တစ်ခါက ကိုရီးယားရုပ်ရှင်ဇာတ်ကားများတွင် မြင်တွေ့ရသော မြင်ကွင်းမျိုးဖြစ်သည်။

**❖ ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်၏ ကာလအပိုင်းအခြား သတ်မှတ်ချက်အရ ကာကွယ်ရေးတာဝန်ထမ်းဆောင်သူများဖြစ်သော်လည်း ၎င်းတို့၏စိတ်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဂုဏ်ယူဖွယ်နိုင်ငံ့တာဝန်အဖြစ် သိရှိနားလည်လာကြပြီဖြစ်သည်။ တပ်မတော်သားတို့၏ လက်တွေ့နယ်ပယ်ပင်ပန်းဆင်းရဲမှု၊ စွန့်လွှတ်စွန့်စားမှုများကို ကိုယ်တွေ့ကြုံခဲ့ကြပြီဖြစ်သည်။ တစ်ခါစစ်သားဖြစ်လျှင် အမြဲတမ်းစစ်သားဖြစ်သည်ဆိုသည့်အတိုင်း ၎င်းတို့၏ရင်ထဲတွင် ရဲဘော်ရဲဘက်စိတ်ဓာတ်များ ကိန်းအောင်းသွားပြီဖြစ်သည်။ ❖**

နိုင်ငံတစ်ဝန်းလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသာယာပြီး အေးချမ်းသာယာနေရေးအတွက် တပ်မတော်သားတို့ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေရခြင်းဖြစ်သည်။ ရေရှည်စစ်ဆင်နွှဲခဲ့သဖြင့် အကျိုးရှိသည့်နိုင်ငံဟူ၍မရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရရှိပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခများကြောင့် အကျိုးတစ်စုံတစ်ရာမရှိသည်မှာ အမှန်ပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်မှစပြီး **တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဆိုသည့်** ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို အရှိန်အဟုန်မြှင့်ဖော်ဆောင်လျက်ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတွင် ပြည်သူ့စစ်မှုထမ်းများ၏အခန်းကဏ္ဍသည်လည်း ပီပီပြင်ပြင်ရှိလာနေပြီဖြစ်ပြီး ပြည်သူလူထု၏ အားပေးထောက်ခံမှုများလည်း ရရှိနေပြီဖြစ်သည်။ ပြည်သူများသည် အလင်းနှင့်အမှောင်၊ ဓမ္မနှင့်အဓမ္မကို ကွဲကွဲပြားပြားနားလည်သဘောပေါက်လာကြပြီဖြစ်သည်။ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှုအောက်တွင် နေထိုင်ရခြင်းလောက် လုံခြုံစိတ်ချအေးချမ်းမှုအရသာမျိုးကို ရှာ၍မတွေ့နိုင်တော့ကြောင်း လက်တွေ့သိမြင်လာကြသည်။ မြို့ဖျက်၊ ရွာဖျက်၊ လူသတ်၊ ဓားပြတိုက်နေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ ချုပ်ငြိမ်းကွယ်ပျောက်ရေးကို လိုလိုလားလား ရှိလာကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်၏ ကာလအပိုင်းအခြား သတ်မှတ်ချက်အရ ကာကွယ်ရေးတာဝန်ထမ်းဆောင်သူများဖြစ်သော်လည်း ၎င်းတို့၏စိတ်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဂုဏ်ယူဖွယ် နိုင်ငံ့တာဝန်အဖြစ် သိရှိနားလည်လာကြပြီဖြစ်သည်။ တပ်မတော်သားတို့၏ လက်တွေ့နယ်ပယ်ပင်ပန်းဆင်းရဲမှု၊ စွန့်လွှတ်စွန့်စားမှုများကို ကိုယ်တွေ့ကြုံခဲ့ကြပြီဖြစ်သည်။ တစ်ခါစစ်သားဖြစ်လျှင် အမြဲတမ်းစစ်သားဖြစ်သည်ဆိုသည့်အတိုင်း ၎င်းတို့၏ရင်ထဲတွင် ရဲဘော်ရဲဘက်စိတ်ဓာတ်များ ကိန်းအောင်းသွားပြီဖြစ်သည်။

ရဲဘော်စိတ်ဆိုသည်မှာ ရဲဘော်အချင်းချင်းထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်၏ဆိုသည့်အတိုင်း ပြည်သူ့စစ်မှုထမ်းဆောင်ပြီးမြောက်သူများ၊ တာဝန်ထမ်းဆောင်ဆဲသူများ၏ရင်ထဲတွင် ပျောက်ကွယ်သွားတော့မည်မဟုတ်ပေ။ ထို့ကြောင့်လည်း ၎င်းတို့၏ အိမ်အပြန်ခရီးတွင် မိဘဆွေမျိုး၊ ပြည်သူများက ကောင်းမွန်စွာကြိုဆိုကြသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၎င်းတို့၏အနာဂတ်သာယာဖြောင့်ဖြူးရေးကို အလုပ်အကိုင်အခွင့်အလမ်းများ စီမံဆောင်ရွက်ပေးထားပြီးဖြစ်သည်။

နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့်အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသောအချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးမှုအပေါ် နိုင်ငံတော်နှင့်တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုပေးလျက်ရှိသည်။

တပ်မတော်သားတို့သည် လက်ရုံးရည်၊ နှလုံးရည်နှစ်ခုစလုံးပြည့်စုံအောင် လေ့ကျင့်ဖြည့်ဆည်းထားကြသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သူတိုင်းအနေဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ရန်သူကို မတိုက်လျှင်မဖြစ်၍သာ တိုက်နေရခြင်းဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကို ထဲထဲဝင်ဝင်လေ့လာကြည့်ပါက ဖြေရှင်းပေးနိုင်သောပြဿနာကို ဖြေရှင်းပေးခြင်းမရှိသောကြောင့်သာ အပြောင်းအလဲပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ ပြည်သူအများစုက အဆိုပါပြဿနာအခြေအနေမှန်ကို သိရှိကြသည်။ ထို့ကြောင့် နိုင်ငံတော်သည် ပြိုလဲသွားခြင်းမရှိခဲ့ခြင်းဖြစ်သည်။ လမ်းမှားသို့ရောက်ရှိသွားသူလူငယ်များအနေဖြင့် **"အကျိုးအကြောင်း၊ ဆိုးအကောင်းနှင့်၊ အဟောင်းအသစ်၊ ဖြစ်ပျက်ခြင်းရာ၊ ဤလူ့ရွာ၌၊ ထင်လာနိမိတ်၊ ကြေးမုံရိပ်ဝယ်၊ အစိပ်အကျဲ၊ အမည်းအဖြူ၊ အပူအအေး၊ နီးဝေးထက်အောက်၊ ဖြောင့်ကောက်ကွင်းပြင်၊ ပီပီထင်၏။ ဆင်ခြင်တွေးဆသိလိုက်ရသော်၊ လောကအမြင်ရှင်းလိမ့်မည်"**ဆိုသည့်အတိုင်း ဆင်ခြင်တွေးဆမှုနည်းပါး၍ တောတွင်းလက်နက်ကိုင်အကြမ်းဖက်များအဖြစ်သို့ရောက်ရှိသွားကြပြီး ဆုံးရှုံးမှုများစွာဖြင့် ကြုံတွေ့ကြရသည်။ နောက်ဆုံးတွင် နိုင်ငံတော်အစိုးရထံသို့ လက်နက်ခဲယမ်းများနှင့်အတူ အလင်းဝင်ရောက်လာကြရသည်။ ထိုသို့ဝင်ရောက်လာသူများ၏ အနာဂတ်ဘဝခရီးမှာ ကောင်းမွန်ဖြောင့်မတ်သွားပြီဖြစ်သည်။

လူငယ်ချင်းတူကြသော်လည်း နိုင်ငံတော်၏ ကောင်းကျိုးကိုသယ်ပိုးပြီး သတင်းကောင်းများနှင့် ဂုဏ်ယူဖွယ်ကောင်းလှသည့် လူငယ်များလည်း များစွာရှိကြသည်။ သူတို့သည် မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြသည့် ပြည်သူ့စစ်မှုထမ်းများဖြစ်ကြသည်။ ပြည်သူ့စစ်မှုထမ်းများ သတ်မှတ်ထားသည့်နှစ်ကာလအပိုင်းအခြားကို ပြည့်ဝစွာတာဝန်ထမ်းဆောင်ပြီးမြောက်သည့်အခါ ၎င်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးအထောက်အကူပေးမှုကောင်းကျိုးကို ခံစားကြရသည်။ အလုပ်အကိုင်အတွက် မိမိတို့၏အရည်အချင်းအလိုက် ထမ်းဆောင်နိုင်ရန် အခက်အခဲကင်းစွာဆောင်ရွက်ပေးထားရာ နိုင်ငံကို ကောင်းကျိုးပြုသူတို့အတွက် ကောင်းသောကံ၏ အကျိုးပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းများအနေဖြင့် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍ ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိနေပြီသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ နိုင်ငံ့သားကောင်းပီသစွာဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ် သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် **တိုင်းပြည်ကောင်းကျိုးသယ်ပိုးရှင်သန် လူငယ်တို့အားမာန်** အဖြစ် ဂုဏ်ပြုကြိုဆိုပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**-နေ့စဉ်ထုတ်သတင်းစာများ။**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၇၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၇၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၉၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၉၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မတ်ပဲ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲ စိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးပြေမပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးပြေမ ပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဩဂုတ်လအတွင်းက ငါးပြေမပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးပြေမပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ဒေသထွက်ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ငါးပြေမပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးပြေမတွေ အပါအဝင် ရေထွက်ကုန်အမျိုးမျိုးကို ရန်ကုန်မြို့ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချတာများပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရတာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးပြေမ ၁၀ ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၈၅၀၀၀ မှ ၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သဲကုန်း အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြို့ရပ်သာကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ခြင်း လုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုအောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကြို့ရပ်သာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထက်နောင်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြ ကျေးရွာ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀ အသုံးပြု၍ မြို့နယ်ဦးစီးဌာနက ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထက်နောင်ထံမှ သိရသည်။

သန္တာ

## မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ

- ရှေးရိုးအမွေ
  ကြေးကြိုးသားရေ လေလက်ခုပ်တွေနှင့်
  ဘေးဘိုးတွေ အရှည်မက်အဟုတ်
  ခြေလက်လှုပ်၍ တေးကိုသီ၊
  မြန်မာ့ရိုးရာ သံစဉ်တေးတွေလည်း
  မကျမည့်ပေါ၊ အမှန်ယဉ်ကျေးတယ်ကွယ်
  နားဝင်အေးကြည်၊
  ပတ်ဝိုင်းဆင် ဗုံတိုတီးကာပ့
  ပတ်မကြီးက ခုံညားသည်
  ဒိုးပတ်အိုးစည် အစုံအလင်ပေါင်း၊
  ဝါးလက်ခုပ်နှင့် ပတ္တလားတစ်ဖုံ
  မောင်းသံစုံ နဲ့လင်းကွင်းတွေလည်း
  တွဲခြင်းညီကောင်း။
- နဘေကာရန် တန်ဆာဆင်ရေးပါသည့်
  မြန်မာဟန် ဂန္ထဝင်တေးတွေက
  သတင်းမွှေးလျက် ကမ္ဘာကျော်၊
  မြန်မာဇလေ့ပေမို့
  မခွာမမေ့ မြတ်နိုးစွာ
  ထပ်တိုးကာ မညစ်မနွမ်းအောင်လည်း
  အသစ်အဆန်းဖော်၊
  ခေါင်းခါးခြေ စည်းကမ်းပြုပါ၍
  အကောင်းများဖွေ နည်းလမ်းစုကာပ့
  အနုအလှ အကစုံသနော်
  မြန်မာ့ဂုဏ်မော်သည့် သဘင်ဂီတများ၊
  မျိုးမြန်မာတွေ
  ရိုးရာအမွေ ယဉ်ကျေးမှုကိုဖြင့်
  တိုးကာလေ အစဉ်ရေးရှုကာပ့
  သုခုမ အနုပညာကို
  အရှည်ကြာ မပျက်မနွမ်းအောင်ကွယ်
  လက်ကမ်းထိန်းထားး။ ။

မောင်နွေဦး(လယ်ဝေး)

(၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုကဗျာ)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ထူးခြားဆန်းပြား ကမ္ဘာတစ်လွှားရှိနေရာများ

ခိုင်ဇင်

ကမ္ဘာတစ်ဝန်းတွင် သဘာဝတရား၏ ထူးခြားသောဖန်တီးမှုများ၊ ရှေးဟောင်းဘူမိဗေဒဖြစ်စဉ်များနှင့် လူတို့ စူးစမ်းလေ့လာနေဆဲဖြစ်သည့် နေရာများစွာရှိနေသည်။ ထိုသို့ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှားရှိ နေရာများအဖြစ် ထင်ရှားနေကြသည့်အထဲမှ တချို့ကို ထုတ်နုတ်ဖော်ပြသွားပါမည်။

**ဆင်ဂျီဒီဘီမာရာဟာအမျိုးသားဥယျာဉ်**



မာဒါဂတ်စကာနိုင်ငံ အနောက်ပိုင်းတွင်တည်ရှိသော ဆင်ဂျီဒီဘီမာရာဟာအမျိုးသားဥယျာဉ်သည် ၎င်း၏ထူးခြားသောကျောက်စူးတောအသွင်သဏ္ဌာန်ကြောင့် ထူးခြားသည့်တောများထဲက တစ်ခုအဖြစ် သတ်မှတ်ထားသည်။ ထိုကျောက်စူးများသည် ထုံးကျောက်များဖြစ်ပြီး အလွန်များပြားနေသဖြင့် တောသဖွယ်ဖြစ်နေခြင်းဖြစ်သည်။ ထိုတောဖြစ်လာရခြင်းမှာ ယခင်က သဘာဝအတိုင်းဖြစ်ပေါ်နေသည့် ထုံးကျောက်များသည် နှစ်ပေါင်းများစွာကြာသည့်အခါ မိုးရေနှင့်လေတို့၏ တိုက်စားမှုကြောင့် ချွန်ထက်မြင့်မားသော ကျောက်စူးပုံစံများအဖြစ် ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ ကျောက်စူးများသည် နေရာအနှံ့ထူထပ်စွာ တည်ရှိနေသဖြင့် အဝေးမှကြည့်လျှင် ကျောက်စူးများဖြင့် ဖွဲ့စည်းထားသော တောအုပ်ကြီးတစ်ခုနှင့် ဆင်တူနေသည်။ အချို့ကျောက်စူးတိုင်များကြားတွင် နက်ရှိုင်းသောချိုင့်ဝှမ်းများ၊ ဂူများနှင့် မြေအောက်ရေလမ်းကြောင်းများလည်းရှိသည်။ ထိုဒေသ၏ ဘူမိဗေဒရှုခင်း၊ ရှားပါးဇီဝမျိုးစုံမျိုးစိတ်များကြောင့် လေ့လာစူးစမ်းသူများအကြိုက်နေရာတစ်ခုလည်းဖြစ်သည်။ သို့သော် ကျောက်စူးများသည် အလွန်ချွန်ထက်ပြီး မြေပြင်အနေအထားခက်ခဲသောကြောင့် လေ့လာစူးစမ်းရန်သွားလာရာတွင် အထူးသတိထားရန် လိုအပ်သည်။

**မိုဗီးဂူ**

ရိုမေးနီးယားနိုင်ငံတွင်တည်ရှိသောမိုဗီးဂူသည်သိပ္ပံပညာရှင်များ၏ စိတ်ဝင်စားမှုကို အထူးရရှိထားသည့် မြေအောက်ဂူတစ်ခုဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သော အဆိုပါဂူ၏အတွင်းဘက်သည် အပြင်ဘက် သဘာဝပတ်ဝန်းကျင်နှင့်မတူ လုံးဝသီးခြားဖြစ်တည်နေသည်။ ဂူအတွင်းသို့ နေရောင်ခြည်မရောက်ရှိသလောက် နည်းပါးသော်လည်း ပိုးမွှားများ၊ ပင့်ကူများ၊ ကင်းခြေများနှင့် အခြားကျောရိုးမဲ့သတ္တဝါများ အသက်ရှင်နေထိုင်နိုင်ကြသဖြင့် ၎င်း၏ ထူးခြားသော



သက်ရှိဂေဟစနစ်ကြောင့် လေ့လာစူးစမ်းသူများကြား စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်သည်။ ပုံမှန်ဂေဟစနစ်များတွင် အပင်များက နေရောင်ခြည်ကိုအသုံးပြု၍ အစာထုတ်လုပ်ကြသော်လည်း ထိုဂူအတွင်း၌မူ ဘက်တီးရီးယားတချို့က ဟိုက်ဒရိုဂျင်ဆာလဖိုက်ကဲ့သို့ ဓာတုပစ္စည်းများမှ စွမ်းအင်ရယူပြီး အစာကွင်းဆက်ကို အထောက်အကူပြုပေးကြသည်။ အဆိုပါဖြစ်စဉ်ကို ဓာတုစွမ်းအင်အသုံးပြု အစာထုတ်လုပ်ခြင်း (Chemosynthesis) ဟု ခေါ်သည်။ မိုဗီးဂူသည် နေရောင်ခြည်မရှိသည့် ပတ်ဝန်းကျင်၌ပင် သက်ရှိများရှင်သန်နိုင်ကြောင်း လေ့လာနိုင်သည့် သဘာဝဓာတ်ခွဲခန်းတစ်ခုကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိသက်ရှိများ ရှင်သန်နေထိုင်နိုင်သည့် အခြေအနေများကို ပိုမိုနားလည်ရန်အတွက် အရေးပါသောနေရာတစ်ခုလည်းဖြစ်သည်။

**မာဘယ်ဂူ**



ချီလီနိုင်ငံ ပါတာဂိုးနီးယားဒေသရှိ ဂျင်နရယ်ကာရယ်ရာရေကန်အတွင်းတည်ရှိသော မာဘယ်ဂူသည် ရေ၏တိုက်စားမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝအနုပညာလက်ရာတစ်ခုဖြစ်သည်။ ထိုဂူကို စကျင်ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး နှစ်ထောင်ပေါင်းများစွာကြာအောင် ရေလှိုင်းများ တိုက်စားမှုကြောင့် ဂူအတွင်းပုံသဏ္ဌာန်သည် အကွေးအကောက်များ၊ မုခ်ဝများနှင့် အလွန်အနုပညာဆန်၍ လှပသည်။ ထို့ပြင် ဂျင်နရယ်ကာရယ်ရာရေကန်အတွင်းမှ စိမ်းပြာရောင်ရေ နေရောင်ခြည်၊ စကျင်ကျောက်ဂူမျက်နှာပြင်တို့ အပြန်အလှန် အလင်းပြန်ပြီးနောက် ဂူနံရံများပေါ်တွင် အပြာနု၊ စိမ်းပြာနှင့် အဖြူရောင်အရိပ်အယောင်များကို လှပဖွယ်၊ နှစ်သက်ဖွယ် မြင်တွေ့နိုင်သည်။ နေရောင်ခြည်၏ အနေအထားနှင့် ရေမျက်နှာပြင်အခြေအနေတို့အပေါ်မူတည်၍ ထိုမြင်ကွင်းသည် အချိန်အလိုက်ကွဲပြားနိုင်သည်။

**ကိုင်ဒီရေကန်**



ကာဇက်စတန်နိုင်ငံ အယ်လ်မာတီဒေသရှိ ကိုင်ဒီရေကန်သည် ရေပြင်ပေါ်သို့ ထိုးထွက်နေသည့် သစ်ပင်ပင်စည်များကြောင့် အမြင်ထူးခြားသော ရေကန်တစ်ခုဖြစ်သည်။ ရေကန်အတွင်း သစ်ပင်များ ပေါက်ရောက်နေသည့်ပုံစံကြောင့် ရေအောက်တွင် သစ်တောတစ်ခုနှစ်မြုပ်နေသကဲ့သို့ မြင်တွေ့ရသည်။ ၁၉၁၁ ခုနှစ် ကာဇက်စတန်နိုင်ငံ အယ်လ်မာတီဒေသတွင် ဖြစ်ပွားခဲ့သော ငလျင်ကြီးကြောင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ပြီး ချိုင့်ဝှမ်းတစ်ခုဖြစ်ပေါ်လာခဲ့ပြီးနောက် မိုးရွာသွန်းမှုကြောင့် ရေများစုဝေးလာခဲ့ရာမှ ထိုရေကန် ဖြစ်ပေါ်လာခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြထားသည်။ ရေကန်၏ရေသည် အေးမြပြီး ကြည်လင်သောကြောင့် ရေအောက်ရှိ သစ်ပင်၏ပင်စည်များကိုပင် ထိုးထွင်းမြင်တွေ့နိုင်သည်။ ထိုသို့ ရေအောက်ရှိ သစ်ပင်၏ပင်စည်များနှင့် ရေပြင်ပေါ်သို့ထိုးထွက်နေသော သစ်ပင်ပင်စည်များသည် ပတ်ဝန်းကျင်ရှိ တောင်တန်းများနှင့်ပေါင်းစပ်သွားသည့်အခါ ထူးခြားသည့် သဘာဝရှုခင်းဖြစ်လာသည်။ ထိုရေကန်သည် သဘာဝဘေးအန္တရာယ်ကြောင့် မြေမျက်နှာသွင်ပြင် ပြောင်းလဲသွားပုံကို ဖော်ပြနေသည့် ထင်ရှားသော ဥပမာတစ်ခုဖြစ်သည်။ ထို့ပြင် ရာသီဥတုနှင့် ရေကန်၏ အပူချိန် အခြေအနေတို့ကြောင့် ရေ၏အရောင်သည်လည်း အချိန်အလိုက် ပြောင်းလဲတတ်သည်။

**ဂရိတ်ဘလူးဟိုးလ်တွင်းနက်**

ဘေလိဇ်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင်တည်ရှိသော ဂရိတ်ဘလူးဟိုးလ်တွင်းနက်သည် ကမ္ဘာ့ကျော် ရေအောက်တွင်းနက်ကြီးတစ်ခုဖြစ်သည်။ အပေါ်မှကြည့်လျှင် စိမ်းပြာရောင်ပင်လယ်ရေများအလယ်၌ အပြာရင့်ရောင် စက်ဝိုင်းကြီးတစ်ခုရှိနေသကဲ့သို့ မြင်တွေ့ရသည်။ ထိုတွင်းနက်ကြီးသည် ရှေးခေတ်က ပင်လယ်ရေမျက်နှာပြင် နိမ့်ကျစဉ်က မြေပြင်ပေါ်၌ဖြစ်ပေါ်ခဲ့သော ထုံးကျောက်ဂူ၏ အစိတ်အပိုင်းဖြစ်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ဆိုထားသည်။ ဂရိတ်ဘလူးဟိုးလ်တွင်းနက်သည် အချင်းမီတာ ၃၀၀ ခန့်နှင့် အနက်မီတာ ၁၂၀ ကျော်ရှိသော တွင်းနက်ကြီးဖြစ်သည်။ ထိုနေရာသည် ရေငုပ်ဝါသနာရှင်များနှင့် သိပ္ပံပညာရှင်များအတွက် စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်ပြီး ရှေးခေတ်



ပတ်ဝန်းကျင် အခြေအနေများနှင့် ဘူမိဗေဒမှိုင်းကို လေ့လာရာတွင်လည်း အရေးပါသည်။ သို့သော် ရေအနက် အလွန်နက်ရှိုင်းသဖြင့် ထိုနေရာတွင်ရေငုပ်မည်ဆိုပါက သင့်လျော်သောဘေးကင်းရေး အစီအစဉ်များ လိုအပ်သည်။

ယခုဖော်ပြပေးခဲ့သောနေရာများသည် ကမ္ဘာတစ်ဝန်းရှိ ထူးခြားဆန်းပြားသော နေရာများထဲမှ တချို့သာဖြစ်သည်။ ထူးခြားဆန်းပြားသော နေရာများသည် အံ့သြဖွယ်မြင်ကွင်းအလှများကို ပေးစွမ်းရုံသာမက ကမ္ဘာမြေ၏သမိုင်းကြောင်း၊ သက်ရှိများ၏ရှင်သန်နေထိုင်ပုံနှင့် သဘာဝဖြစ်စဉ်များအကြောင်းကိုလည်း လေ့လာခွင့်ပေးနေသောနေရာများပင်ဖြစ်သည်။ ထိုကဲ့သို့သောနေရာများကို လေ့လာသိရှိခြင်းအားဖြင့် ကမ္ဘာမြေ၏ ထူးခြားကွဲပြားမှုများကို ပိုမိုနားလည်လာနိုင်သကဲ့သို့ အနာဂတ်မျိုးဆက်များအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်းကိုလည်း သတိပြုမိစေမည်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**


– UNESCO World Heritage Centre. Tsingy de Bemaraha Strict Nature Reserve. https://whc.unesco.org/en/list/494/

# ချစ်စရာ့အရွယ် စာဖတ်မယ်

## စည်းလုံးချစ်ခင် အောင်ပွဲဝင်

မင်္ဂလာပါ ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်ကလေးရဲ့နာမည်ကတော့ "စည်းလုံးချစ်ခင် အောင်ပွဲဝင်"ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက သာယာလှပတဲ့ တောမြိုင်ကြီးတစ်ခုရှိသတဲ့ကွယ်။ဒီတောမြိုင်ကြီးထဲမှာ စိမ့်စမ်းရေတံခွန်တွေနဲ့ သီးပင်စားပင်တွေကလဲ အများကြီးရှိနေတော့ သားရဲတိရစ္ဆာန်လေးတွေအတွက် ကျက်စားပျော်မြူးရာတောမြိုင်ကြီးတစ်ခုပေါ့ကွယ်။ ဒီတောမြိုင်ကြီးထဲမှာရှိနေကြတဲ့ တိရစ္ဆာန်လေးတွေကလဲ တစ်ကောင်နဲ့တစ်ကောင် စည်းလုံးချစ်ခင်ကြတော့ အပူအပင်မရှိဘဲပျော်ရွှင်နေကြသတဲ့ကွယ်။ ပြီးတော့ တိရစ္ဆာန်လေးတွေက သူတို့အခက်အခဲတွေကြုံလာခဲ့ပြီဆိုရင် တစ်ကောင်နဲ့တစ်ကောင် ဖေးမကူညီရင်း နေထိုင်ခဲ့ကြသတဲ့ကွယ်။

"မျက်နှာလဲ မကောင်းပါလား ကိုကြီးဆင်၊ ဘာတွေဖြစ်နေလဲဗျ" လို့ မျောက်ကလေး ညိုက မေးလိုက်သတဲ့ကွယ်။ ဒီအခါ ဆင်ကြီးက "ခြေထောက်မှာငုတ်ဆူးပြီးနာနေလို့ပါ ညို"လို့ ဖြေလိုက်သတဲ့ကွယ်။ အဲဒါနဲ့ပဲ ဆင်ကြီးရဲ့အဖြစ်ကို သိလိုက်ရတဲ့ မျောက်ကလေးညိုဟာ ဆင်ကြီးရဲ့ခြေထောက်က ဆူးကိုနှုတ်ပေးလိုက်သတဲ့ကွယ်။ ခြေထောက်က ဆူးမရှိတော့တဲ့အခါကျတော့မှ အနာသက်သာသွားတဲ့ဆင်ကြီးဟာ မျောက်ကလေးညိုကို ကျေးဇူးတင်စကားပြောပြီး တောထဲဝင်သွားသတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ ဒီတောမြိုင်ကြီးထဲကို ငမဲတူလို့ခေါ်တဲ့ ကျီးငှက်ကလေးတစ်ကောင်ရောက်လာခဲ့သတဲ့ကွယ်။ ကျီးငှက်ကလေး ငမဲတူဟာ အရင်က မြို့ပေါ်မှာကျင်လည်ကျက်စားပေမဲ့ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်တွေအရမ်းများလို့ သူရဲ့အမျိုးတူကျီးငှက်အုပ်ကနှင်ထုတ်လိုက်တာပေါ့ကွယ်။ ဒါကြောင့်မို့ သင်းကွဲငှက်ကလေးဖြစ်သွားတဲ့ ကျီးငှက်ကလေးငမဲတူဟာ ခြေဦးတည့်ရာပျံသန်းရင်း ဒီတောမြိုင်ကြီးထဲရောက်လာခဲ့တာပေါ့ကွယ်။ မြို့ပေါ်မှာ ကျင်လည်ကျက်စားလာတဲ့ ကျီးငှက်ကလေးငမဲတူဟာ အတွေ့အကြုံအရမ်းများပြီး စကားကိုလဲ တစ်ဖက်သားယုံကြည်အောင် လှည့်ဖြားပြောဆိုတတ်သတဲ့ကွယ်။ ဒီလိုနဲ့ ကျီးငှက်ကလေးငမဲတူဟာ ဒီတောမြိုင်ကြီးထဲရောက်ရောက်ချင်း သူရဲ့အမျိုးအနွယ်တွေက အနိုင်ကျင့်ပြီး မောင်းထုတ်ခဲ့တာကြောင့် ထွက်ပြေးလာခဲ့ရတဲ့အကြောင်းကို အခြားတိရစ္ဆာန်လေးတွေသိအောင် သနားစဖွယ်ပြောပြလိုက်သတဲ့ကွယ်။ ဒါကြောင့်မို့ အခြားတိရစ္ဆာန်လေးတွေက ကျီးငှက်ကလေးငမဲတူရဲ့စကားကိုယုံကြည်ပြီး သနားစိတ်ကလေးတွေနဲ့တတ်နိုင်သမျှကူညီပေးကြတာပေါ့ကွယ်။ သနားစဖွယ်ပြောဆိုနေတဲ့ ကျီးငှက်ကလေးငမဲတူကို ချိုးငှက်ကလေးကူးကူးက ကိုယ်ချင်းစာပြီး သူနေတဲ့ သရက်ပင်ကြီးမှာနေဖို့ ဖိတ်ခေါ်လိုက်သတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ ချိုးငှက်ကလေးကူးကူးဟာ အစာရှာသွားခါနီး သူ့ရဲ့အသိုက်ကိုကြည့်ထား



ပေးဖို့ကျီးငှက်ကလေး ငမဲတူကိုမှာထားခဲ့သတဲ့ကွယ်။ ချိုးငှက်ကလေးကူးကူးဟာ သူ့ရဲ့အသိုက်ကို ကြည့်ထားပေးနေတဲ့ ကျီးငှက်ကလေးငမဲတူ ရှိနေခဲ့တာကြောင့် တောမြိုင်ကြီးအနှံ့ပျံသန်းရင်း အစာရှာနေခဲ့တာပေါ့ကွယ်။ အစာရှာပြီး အချိန်အတော်ကြာလာတဲ့အခါကျတော့မှ ချိုးငှက်ကလေးကူးကူးဟာ သူ့ရဲ့အသိုက်ဆီကို ပြန်လာခဲ့သတဲ့ကွယ်။ ဒီလိုနဲ့ချိုးငှက်ကလေးကူးကူး သူ့ရဲ့အသိုက်ဆီ ပြန်ရောက်တဲ့အခါမှာတော့ သူ့ရဲ့အသိုက်ထဲကဥလေးတွေပျောက်နေတာကိုတွေ့လိုက်ရသတဲ့ကွယ်။ ဒါကြောင့်မို့ ချိုးငှက်ကလေးကူးကူးက "ငမဲတူရေ ငါ့အသိုက်ထဲကဥတွေ ပျောက်ကုန်ပြီ၊ ဘယ်သူယူသွားလဲ၊ မြင်မိသေးလား" လို့ မေးလိုက်သတဲ့ကွယ်။ ဒီအခါ ကျီးငှက်ကလေးငမဲတူက "အမှတ်တမဲ့ပဲ ကူးကူးရေ၊ ငါလဲ အိပ်ပျော်သွားတာဆိုတော့ မမြင်မိဘူး"လို့ ပြောလိုက်သတဲ့ကွယ်။ ဒါကြောင့်မို့ ချိုးငှက်ကလေးကူးကူးဟာ ဘာမှမတတ်နိုင်တော့ဘဲ ပျောက်သွားတဲ့သူ့ရဲ့ဥလေးတွေအတွက် ပူဆွေးနေရသတဲ့ကွယ်။

ဒီလိုနဲ့ တောမြိုင်ကြီးထဲမှာ တစ်နေ့တစ်နေ့ တိရစ္ဆာန်ကလေးတွေ ပျောက်လိုက် ဥတွေပျောက်လိုက်နဲ့ ဖြစ်နေခဲ့တာပေါ့ကွယ်။ ပျောက်သွားတဲ့ တိရစ္ဆာန်ကလေးတွေနဲ့ဥတွေကလဲ ဘယ်တော့မှပြန်မရဘူးတဲ့ကွယ်။ ပြီးတော့ အရင်က တစ်ကောင်နဲ့တစ်ကောင်ဖေးမကူညီရင်း နေထိုင်လာကြတဲ့တိရစ္ဆာန်ကလေးတွေဟာ အခုဆို တစ်ကောင်နဲ့တစ်ကောင် ယုံကြည်မှုတွေပျောက်ကွယ်ပြီး စည်းလုံးချစ်ခင်စိတ်လဲ မရှိကြတော့ဘူးတဲ့ကွယ်။ ဒါကြောင့်မို့ တစ်ကောင်နဲ့တစ်ကောင် အထင်တွေလွဲပြီး ရန်မူချင်စိတ်တွေပဲထားနေခဲ့သတဲ့ကွယ်။ ဒါကြောင့်မို့ ဒီအတိုင်းထားမယ်ဆိုရင် တောမြိုင်ကြီးထဲက တိရစ္ဆာန်ကလေးတွေအတွက် အန္တရာယ်ရှိနိုင်တယ်လို့ ဆင်ကြီးကတွေးပြီး တရားခံရှာဖို့အတွက် မျောက်ကလေးညိုနဲ့ ချိုးငှက်ကလေးကူးကူးကို လျှို့ဝှက်တာဝန်ပေးလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ချိုးငှက်ကလေးကူးကူးဟာ သူ့ရဲ့ဥတွေပျောက်သွားကတည်းက သူမသင်္ကာတဲ့ ကျီးငှက်ကလေးငမဲတူကို တိတ်တိတ်ကလေးစောင့်ကြည့်နေခဲ့တာပေါ့ကွယ်။ သူ့ကို စောင့်ကြည့်နေမှန်းမသိရှာတဲ့ ကျီးငှက်ကလေးငမဲတူဟာ တောမြိုင်ကြီးအနှံ့ပျံသန်းရင်း အခြားတိရစ္ဆာန်ငယ်လေးတွေနဲ့ ဥတွေကို ခိုးယူစားသောက်နေခဲ့တာပေါ့ကွယ်။ ကျီးငှက်ကလေးငမဲတူဟာ ဒီလိုခိုးယူစားသောက်ရုံတင်မဟုတ်ဘဲ အခြားတိရစ္ဆာန်ကလေးတွေ တစ်ကောင်နဲ့တစ်ကောင်ရန်ဖြစ်စေဖို့အတွက် လိမ်ညာလှည့်ဖြားပြီးပြောဆိုနေခဲ့တာကို ချိုးငှက်ကလေးကူးကူးက မြင်တွေ့လိုက်ရသတဲ့ကွယ်။ အဲဒီအခါမှာတော့ ချိုးငှက်ကလေးကူးကူးဟာ အခြားတိရစ္ဆာန်လေးတွေကိုခေါ်ပြီး ဥတွေခိုးယူနေတဲ့ ကျီးငှက်ကလေးငမဲတူကို ဝိုင်းဝန်းပြီး ဖမ်းလိုက်သတဲ့ကွယ်။

ဒါကြောင့်မို့ ဘယ်လိုမှ မငြင်းသာတော့တဲ့ ကျီးငှက်ကလေးငမဲတူဟာ သူ့ရဲ့အမှားတွေကို ဝန်ခံလိုက်ရသတဲ့ကွယ်။ အဲဒီအခါမှာတော့ တိရစ္ဆာန်လေးတွေက ကျီးငှက်ကလေးငမဲတူကို တောမြိုင်ကြီးထဲကနေ နှင်ထုတ်လိုက်သတဲ့ကွယ်။ ဒီလိုနဲ့ပဲ တောမြိုင်ကြီးထဲမှာ ကျီးငှက်ကလေးငမဲတူ မရှိတော့တဲ့အခါ တိရစ္ဆာန်ငယ်လေးတွေနဲ့ ဥတွေလဲ မပျောက်တော့ဘူးတဲ့ကွယ်။ ပြီးတော့ တစ်ကောင်နဲ့တစ်ကောင်ကို ရန်ဖြစ်စေမဲ့ လိမ်ညာလှည့်ဖြားတဲ့ စကားတွေလဲ မကြားရတော့တဲ့အခါ တောမြိုင်ကြီးက အရင်လို သာယာလှပပြီး တိရစ္ဆာန်ကလေးတွေကလဲ စည်းလုံးချစ်ခင်စိတ်ကလေးတွေနဲ့ နေထိုင်သွားကြသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒီလောက်ပါပဲ သားတို့ သမီးတို့ရေ၊ ဒီပုံပြင်ကလေးထဲမှာ ကျီးငှက်ကလေးငမဲတူရဲ့ လိမ်ညာလှည့်ဖြားတတ်တဲ့အကျင့်နဲ့ ခိုးယူတတ်တဲ့ မကောင်းတဲ့ စိတ်ထားကို သားတို့သမီးတို့က တွေ့ကြမှာပါနော်။ ဒီလိုအကျင့်နဲ့ဒီလိုစိတ်ထားတွေရှိနေတဲ့ ကျီးငှက်ကလေး ငမဲတူကို အခြားတိရစ္ဆာန်ကလေးတွေကလဲ အပေါင်းအသင်းမလုပ်ကြတာကို သားတို့သမီးတို့ တွေ့ကြမှာပါနော်။ ဒါကြောင့်မို့ သားတို့သမီးတို့ကလဲ ကျီးငှက်ကလေးငမဲတူလိုစိတ်ထားမကောင်းတဲ့သူတွေကို အပေါင်းအသင်းမလုပ်ရဘူးနော်။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

## ကုသိုလ်ထူး

♦ ရွာဦးကျောင်းက အုန်းမောင်းသံ
နရီ စည်းချက်မှန်။

♦ ဆွမ်းတော်ချက်ရန် နှိုးဆော်ပေး
နံနက်ခင်းရဲ့တေး။

♦ စိတ်အေးချမ်းမြ ကုသိုလ်တော်
ကျောင်းသား နိဗ္ဗာန်ဆော်။

♦ ချက်ပြုတ်စို့နော် အရုဏ်ဦး
မွန်မြတ်ကုသိုလ်ထူး။ ။



**နဒီလှိုင်း(တောင်ငူ)**

## နိုင်ငံ့ခွန်အား

♦ ဖေဖေမေမေ ပမာနေ
အလင်းပေးဆက်စေ။

♦ ပညာမျှဝေ ဆရာများ
လမင်းနှယ်မခြား။

♦ ကျောင်းသူကျောင်းသား ဆွေသဟာ
ကြယ်လိုလင်းလက်ဖြာ။

♦ တို့ကျောင်းတော်မှာ ပညာပွား
နိုင်ငံ့သားကောင်းများ။ ။



**အတူး(ပညာရေး)**

# အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်



















## ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၅၀၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ဟုမ္မလင်း အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၅၀၂ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၅၀၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ စားတော်ပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ စားတော်ပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ စားတော်ပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ပိုးမွှား အန္တရာယ်ကင်းရှင်းဖို့၊ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

စားတော်ပဲကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)







## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/က)၊ အကွက်အမည် မြောက်တံခါးကွင်း ဦးပိုင်အမှတ် (၇/ခ-၁)၊ ဧရိယာ (၀.၁၁၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၇/ခ-၂
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၆/ခ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၇/ခ-၂
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၇/က

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်သန္တာနွယ်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြတ်ပါရမီပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ထွန်းလွင်ဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဟူးဒွေယင်** ဖြစ်ပါကြောင်း။ **ဦးဟူးဒွေယင်(၁၃/ကခန(နိုင်)၀၂၈၉၆၃)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၄၂၂)ရပ်ကွက်နေ ဦးမျိုးမင်းထိုက် (ဘ) ဦးစစ်ဆိုင်း(၉/မရတ(နိုင်)၁၁၅၇၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-239779)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-5241046**

## အဖိုးတန်ရေချိုကို ချွေတာပါ

## သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃၀)မှ ဗိုလ်လောင်းများ နေပြည်တော်အတွင်း လေ့လာရေးခရီးသွားရောက်



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၁၃၀)မှ ဗိုလ်လောင်းများ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) အတွင်း လေ့လာ ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

ခေတ်ကာလအဆက်ဆက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့် တပ်မတော်သားများမှ အနာဂတ်၏ စစ်ခေါင်းဆောင်များ ဖြစ်လာကြမည့် ဗိုလ်လောင်းများအနေဖြင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များ ရှိစေရန်၊ သူရဲကောင်းများ၏ ရဲရင့်ပြတ်သားမှုကို အတုယူ၍ တပ်မတော်၏သမိုင်းကြောင်း အစဉ်အလာကောင်းများကို လက်တွေ့ကျကျသင်ခန်းစာယူနိုင်စေရန်၊ ဘုရားစေတီ ပုထိုးများ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ လေ့လာဖူးမြော်ခြင်းဖြင့် အမျိုးဘာသာ၊ သာသနာနှင့် အမျိုးသားယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

**စာမျက်နှာ ၂၁ ကော်လံ ၁** ☆

ရတနာပုံ ယနေ့ဖတ်စရာ

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ စာမျက်နှာ - ၁၆

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှော မြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက် စာမျက်နှာ - ၂၂

# သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း အများပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး မြို့ကြီးများတွင် ဆီတင်ယာဉ်များ အရန်သင့်ထားရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း အများပြည်သူများအဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ အခက်အခဲမရှိခရီးသွားလာနိုင်ရေးအတွက် ခရီးသွားလာမှုများပြားသည့် လမ်းကြောင်းများပေါ်ရှိ မြို့ကြီးများတွင် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများ ကြိုတင်ထားရှိပြီးဖြစ်သည်။

အများပြည်သူတို့အနေဖြင့် စက်သုံးဆီများကို သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် ဝယ်ယူနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ကမ္ဘာ့ထိပ်တန်း တက်ဂ်ဘောအသင်းများ ပါဝင်ယှဉ်ပြိုင်မည့် Teqball Tour Si Racha 2026 တွင် မြန်မာ့ Teqball လက်ရွေးစင်အသင်း Men's Singles၊ Women's Singles၊ Mixed Doubles ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်ထိ ထိုင်းနိုင်ငံ ချွန်ဘူရီခရိုင် စီရာချာမြို့ရှိ Pacific Hall, Pacific Park Si Racha တွင် ကျင်းပသည့် Teqball Tour Si Racha 2026 ပြိုင်ပွဲ၌ မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုးကျော် ဦးဆောင်သည့် မြန်မာ့တက်ဂ်ဘောလက်ရွေးစင်အသင်းသည် Men's Singles၊ Women's Singles၊ Mixed Doubles ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများသို့ မြန်မာအသင်းအပါအဝင် တက်ဂ်ဘောအားကစားနည်းကို

**စာမျက်နှာ ၂၅ ကော်လံ ၁** ❖




# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်






ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ငါးထပ် အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျ ဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ

**စာမျက်နှာ ၂၅ ကော်လံ ၁** ■

# AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ကွာတားဖိုင်နယ်အဆင့် တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် AFC Challenge League ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့်

စာမျက်နှာ ၂၅ ကော်လံ ၄ ◆

